မန္တလေး နေ့စဉ်

# တပ်မတော်နေ့ အထူးထုတ်

၂၀၂၆ခုနှစ်၊ မတ်လ ၂၇ရက်(သောကြာနေ့)










# တပ်မတော်၏ဂုဏ်ကို ဖော်ညွှန်းနိုင်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့

တပ်မတော်နေ့ဆိုသည်မှာ နှစ်စဉ် မတ်လ (၂၇)ရက်တွင်ကျရောက်သော မြန်မာနိုင်ငံ၏ ပြန်တမ်းဝင်ရုံးပိတ်ရက်တစ်ရက်ဖြစ်သလို တပ်မတော်၏ ကနဦးဖွဲ့တည်လာရာ သမိုင်းကြောင်းတွင် ဖက်ဆစ်ဂျပန်အား တစ်ပြည်လုံး အတိုင်းအတာဖြင့် တိုက်ခိုက်ခဲ့ကြသော တပ်မတော်သားများကို ဂုဏ်ပြုဖော်ညွှန်းသောအားဖြင့် ၁၉၄၅ ခုနှစ်၊ မတ် ၂၇ အား ရည်မှန်းကာ တပ်မတော်နေ့ကို သတ်မှတ်ခဲ့၍ နှစ်စဉ် ကျင်းပခဲ့သည့် နေ့တစ်နေ့လည်းဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မတ်လ ၂၇ ရက်ရောက်တိုင်း ဖက်ဆစ်တိုက်ဖျက်ရေးနေ့၊ တော်လှန်ရေးနေ့ စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် ကျင်းပခဲ့သည့် အဆိုပါနေ့ကို ၁၉၅၅ ခုနှစ်မှစ၍ တပ်မတော်နေ့ဟု သီးသီးသန့်သန့် ပြောင်းလဲသတ်မှတ်၍ ကျင်းပလာခဲ့သည်မှာလည်း ယနေ့တိုင်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းနှင့်အတူ နိုင်ငံတော်၏ လိုအပ်ချက်၊ ပြည်သူများ၏ ကြိုးပမ်းချက်များနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့်နေ့သည် တပ်မတော်နေ့ပင်ဖြစ်သည်။

ဆုံးရှုံးသွားခဲ့သည့် နိုင်ငံ့လွတ်လပ်ရေးပြန်လည်ရရှိရန် နယ်ချဲ့အင်္ဂလိပ်များကို တိုက်ယူမှရမည်ဟု ယုံကြည်သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံတွင် ခေတ်မီစစ်ပညာများ သင်ကြားခဲ့သည်။ ဂျပန်များနှင့်လက်တွဲပြီး နယ်ချဲ့အင်္ဂလိပ်များကို တိုက်ထုတ်ခဲ့ရသလို ဆိုးရွားလှသည့် ဂျပန်များ၏ အုပ်ချုပ်၊ ဆက်ဆံရေးများကြောင့် မြန်မာ့တပ်မတော်သည် ပြည်သူနှင့်အတူ လက်တွဲပြီး ဖက်ဆစ်ဂျပန်ကို ၁၉၄၅ ခုနှစ်၊ မတ် ၂၇ ရက်မှစတင်၍ ပြန်လည်တိုက်ထုတ်ခဲ့ရသည်။ တပ်မတော်သည် ပြည်သူနှင့်အတူ လက်တွဲပြီး နိုင်ငံကို လွတ်လပ်ရေးရရှိအောင်ဆောင်ရွက်ပေးခဲ့သလို လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေရန်အတွက်လည်း အရေးကြုံလာတိုင်း ပြည်သူရှေ့မှ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့သည်။နိုင်ငံတော်ကို နယ်ချဲ့ဗြိတိသျှများ၏ သွေးခွဲသပ်လျှို အုပ်ချုပ်ခဲ့မှု၊ ဒုတိယကမ္ဘာစစ်အတွင်း စစ်တလင်းဖြစ်ခဲ့ရသည့်အတွက် စစ်ကျန်လက်နက်များပြားနေမှု၊ နိုင်ငံရေးအယူအဆ ကွဲပြားမှုများကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)အနေဖြင့် ၁၉၄၈ ခုနှစ်၊ မတ်လတွင်တောခိုသွားခဲ့ရာမှစ၍ "ရောင်စုံသောင်းကျန်းသူများ"ဟု ခေါ်ဆိုရသည်အထိ နိုင်ငံအနှံ့မှာ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်း အများအပြား ပေါ်ပေါက်လာခဲ့သည်။ သို့သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံနှင့်အဝန်း စစ်ဆင်ရေးကြီးများ အမြောက်အမြားကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုကြီး မပြိုကွဲအောင် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်တွင်းရောင်စုံသောင်းကျန်းသူတွေကို နှိမ်နင်းခဲ့ရသည့်အပြင် ရှမ်းပြည်နယ်တွင် တရုတ်ဖြူကူမင်တန်များ၏ ကျူးကျော်မှုနှင့် ရခိုင်ပြည်နယ်၌ မူဂျာဟတ်ကုလားဆိုးများ၏ သောင်းကျန်းမှု စသည့် ပြည်ပကျူးကျော်မှု အန္တရာယ်များကိုလည်း အချုပ်အခြာအာဏာနှင့်ဆိုင်သည့် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး စွန့်လွှတ်စွန့်စားသည့်စိတ်နှင့် ကိုယ်ကျိုးမဖက်အသက်နှင့်ရင်း၍ ကာကွယ်နှိမ်နင်းခဲ့ရသည်။ ထို့အပြင် ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်း၌ အုပ်ချုပ်ရေးယန္တရားပျက်ပြားလာမှုနှင့် ၂၀၂၀ ပြည့်နှစ် နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းမှု စသည့်နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးမားလှသည့် အရေးကိစ္စများ ကြုံတွေ့ခဲ့ရသည့် အချိန်တိုင်းတွင်လည်း နိုင်ငံတော်အတွက် ရှေ့တန်းမှနေ၍ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့ရပြန်ပါသည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူ၏ အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုထိပါးလာမည့် ကိစ္စရပ်မှန်သမျှကို လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှစ၍ ယနေ့အချိန်ကာလအထိ ကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလများ၌လည်း ဆက်လက်ထိန်းသိမ်းကာကွယ်သွားရမည့် တပ်မတော်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးသည့်နောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း နိုင်ငံရေးပြဿနာများ၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်များ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ပါတီတွင်း သဘောထားကွဲလွဲမှုများကြောင့် တိုင်းပြည်စည်းလုံးညီညွတ်မှု ပျက်ပြားလာသဖြင့် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိကာလများတွင် တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော်လည်း ပြည်တွင်း၊ ပြည်ပမှ နည်းမျိုးစုံနှင့် နှောင့်ယှက်ပိတ်ဆို့မှု၊ သဘာဝဘေးအန္တရာယ်များနှင့် စီမံခန့်ခွဲရေးအားနည်းချက်၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံ၏စီးပွားရေးကျဆင်းခဲ့ရပြီး ၁၉၈၈ ခုနှစ်တွင် အရေးအခင်းများဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံ၏အခြေအနေ ယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာအာဏာပြိုကွဲမည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာရခြင်းကြောင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်း တာဝန်ယူခဲ့ရပြန်သည်။ တပ်မတော်မှ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်းခဲ့ရသည့် နောက်ပိုင်း ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံ ဒီမိုကရေစီစနစ် တည်ဆောက်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့သလို ဒီမိုကရေစီစနစ် ကျင့်သုံးဖော်ဆောင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ရေးဆွဲခဲ့ရကာ ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီစနစ်ကို ညင်သာ ငြိမ်းချမ်းစွာဖြင့် ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတိုင်း၏ တပ်မတော်များသည် ဖွဲ့စည်းပုံများ၊ အင်အားများ၊ ရည်မှန်းချက်များ မတူညီကြသော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက်ဆိုသည့် ရည်ရွယ်ချက်သည် အတူတူပင် ဖြစ်ပါသည်။ အလားတူ နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာလည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီချင်မှ တူညီနိုင်သော်လည်း မိမိတို့နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက်သာ ဖြစ်သင့်ဖြစ်ထိုက်သည်များကို ဦးတည်ရေးဆွဲပြဋ္ဌာန်းကြရခြင်းပင်ဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပေါ်ပေါက်လာပုံ၊ သမိုင်းကြောင်းနောက်ခံအနေအထား၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားအခြေခံအချက်အလက်များအပေါ် မူတည်ပြီး ရေးဆွဲပြဋ္ဌာန်းလေ့ရှိကြသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဘယ်နိုင်ငံက ဥပဒေသည် မှန်၍ ဘယ်နိုင်ငံက ဥပဒေသည်မှားသည်ဟု ဆို၍မရဘဲ မိမိတို့နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားအတွက်သာ ပဓာနဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တပ်မတော်၏ အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားခြင်းသည် အတိတ်သမိုင်းစဉ်များတွင် ကြုံတွေ့ခဲ့ရသည့် အားနည်းချက်များကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးအတွက် ပြဋ္ဌာန်းထားရခြင်းသာဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော်၏အခန်းကဏ္ဍ၌ ပါရှိသည့်ပြဋ္ဌာန်းချက်အပိုဒ်တိုင်းသည် တပ်မတော်အတွက် ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ နိုင်ငံတော်အကျိုးကို မြော်ကိုးပြီး ပြည်သူ့အကျိုးအတွက်သာ ထည့်သွင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၌ ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၏ မဲစာရင်းများကို စိစစ်သည့်အခါ ကမ္ဘာနှင့်ချီ၍ပင် ပြောရလောက်အောင် လွန်စွာကြီးမားသော မဲမသမာမှုများ ပြုလုပ်ခဲ့ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စည်းကမ်းမဲ့စွာ ဆောင်ရွက်ခဲ့ခြင်းကို စိစစ်တွေ့ရှိရသည့်အတွက် နိုင်ငံအနေဖြင့် အမည်းစက်တစ်ခုဖြစ်ပေါ်ခဲ့သည်ကို တစ်ကမ္ဘာလုံးနှင့် မြန်မာပြည်သူအားလုံး အသိဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်း ၃၈ ဒသမ ၂၇ သန်းတွင် ခိုင်လုံမှုမရှိဘဲ မဲစာရင်းပါဝင်မှု ၁၁ ဒသမ ၃ သန်း စိစစ်တွေ့ရသည့်အတွက် ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း မဲမသမာမှုလုပ်ထားခြင်းကို စိစစ်တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲဆိုသည်မှာ တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သလို နိုင်ငံ၏အနာဂတ်ကို ဖော်ဆောင်မည့် ခေါင်းဆောင်များကို ရွေးချယ်ခြင်းလည်း ဖြစ်ပါသည်။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်မှာ ပြည်သူများယုံကြည်မှုရှိစေရန်နှင့် ကောင်းမွန်သည့် နိုင်ငံရေးသမိုင်းကို ပုံဖော်နိုင်ရန်မှာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် နိုင်ငံတော်အာဏာကို မသမာသည့်နည်းလမ်းနှင့်ရယူရန် ကြိုးစားခဲ့သည့် ထိုစဉ်က အာဏာရအစိုးရ၏ ဥပဒေမဲ့လုပ်ရပ်များကို ကာကွယ်တားဆီးနိုင်ရန်အတွက် တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို ခေတ္တရယူ ထိန်းသိမ်းခဲ့ရပြန်ပါသည်။

နိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်သမိုင်းသည် လွတ်လပ်ရေးမရမီကတည်းက "ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်" ဆိုသလို ရှုပ်ထွေးမှုများစွာရှိနေခဲ့သည်။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများမှာလည်း အယူဝါဒအမျိုးမျိုး၊ သဘောထားအမျိုးမျိုးကြောင့် ခိုင်မာသည့် နိုင်ငံရေးစနစ်ကို တစ်သမတ်တည်း ချမှတ်ဖော်ဆောင်နိုင်ခြင်းမရှိဘဲ စနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ရသည်။ နိုင်ငံရေးစနစ်တည်ငြိမ်မှုမရှိခြင်းနှင့် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖွံ့ဖြိုးမှုအပိုင်းတွင် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နောက်ကျကျန်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် လက်ရှိလျှောက်လှမ်းနေသည့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေးနှင့် ဖွံ့ဖြိုးမှုရှိလာစေရေးအတွက် "စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဆိုသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နှင့် "တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး" ဆိုသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် အဆိုပါရည်မှန်းချက်များသည် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် နိုင်ငံတော်၏ မျှော်မှန်းချက်များပင် ဖြစ်ပါသည်။ အဆိုပါ မျှော်မှန်းချက်များ ပြည့်ဝရန်အတွက် နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ထိုသို့ ဆောင်ရွက်လျက်ရှိသည့် နေရာတွင် တပ်မတော်အနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ပါဝင်ထမ်းရွက်လျက်ရှိခြင်းပင် ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း တာဝန်များ ကျေပွန်စွာဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားရမည်ဖြစ်သည်နှင့်အညီ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် ဆောင်ရွက်လျက်ရှိနေပြီလည်းဖြစ်ပါသည်။ထိုသို့ ဆောင်ရွက်သည့်နေရာတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပချိန် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရန် အစွမ်းကုန်လုပ်ဆောင်ပေးခဲ့သလို ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင်လည်း တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနှင့် လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ လွှတ်တော်ထဲကို ရောက်ရှိလာစေရေးအတွက် လက်ရှိကျင့်သုံးနေသည့် အနိုင်ရသူအကုန်ယူစနစ်(First Past the Post-FPTP) အပြင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့် သင့်တော်သည့် အချိုးကျကိုယ်စားပြုစနစ်(Proportional Representation PR)ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးစီမံဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့်လည်း ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများ ကင်းဝေးစေပြီး လွတ်လပ်စွာမဲပေးနိုင်ခဲ့ကြပြီလည်း ဖြစ်ပါသည်။ EAO အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပြည်သူများအပေါ် ရက်စက်ရမ်းကားသတ်ဖြတ်နေခြင်းများ ပြည်သူပိုင်ပစ္စည်းများအား ဖျက်စီးခြင်းများကိုလည်း အစွမ်းကုန် ချေမှုန်းသုတ်သင်လျက်ရှိနေပြီလည်း ဖြစ်ပါသည်။

အထူးထုတ် (ဂ) သို့ ➤

➤ အထူးထုတ် (ခ) မှ

မြန်မာနိုင်ငံအနှံ့အပြားတွင် မိုင်းထောင်ဖောက်ခွဲမှု၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးမှု၊ ပစ္စည်းလုယက်မှု၊ အတင်းအကျပ်ဆက်ကြေးတောင်းခံမှု၊ လုံခြုံရေးစခန်းများကို တိုက်ခိုက်မှုများသာမကဘဲ ၎င်းတို့နှင့် အမြင်မတူသူများကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်မှု စသည့်အကြမ်းဖက်လုပ်ရပ်များကို မကြာခဏလုပ်ဆောင်နေသည်ကို အားလုံးအသိဖြစ်သော်လည်း တပ်မတော်ကိုသာ နည်းမျိုးစုံဖြင့် စွပ်စွဲလျက်ရှိနေကြဆဲဖြစ်ပါသည်။ အဆိုးရွားဆုံးမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် အပ်တိုတစ်ချောင်းပင်မရှိသည့် အရပ်ဘက်ဝန်ထမ်းများ၊ အထူးသဖြင့် ဆရာ၊ ဆရာမများနှင့် ပညာရေးဆိုင်ရာဝန်ထမ်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်း၊ လူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်နေခြင်းပင်ဖြစ်ပါသည်။ အဓိက ရည်ရွယ်ချက်မှာလူငယ်၊ လူရွယ်များကို ပညာရေးနိမ့်ကျပြီး အမှား၊ အမှန်မခွဲခြားနိုင်ဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ် နောက်ကိုလိုက်ပါ လုပ်ဆောင်လာစေရန်ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် မိမိနိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာရှိသည့် မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်ခံနိုင်စရာမရှိသည့် အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို အချိန်မီကာကွယ်တားဆီးရမည်သာဖြစ်ပြီး ထိုသို့လုပ်ဆောင်သည့်နေရာတွင်လည်း တပ်မတော်အနေဖြင့် ပြည်သူနှင့်အတူ လက်တွဲပြီး ပါဝင်ဆောင်ရွက်သွားကြရဦးမည်ဖြစ်ပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့်လည်း အစွန်းရောက်သူများ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံမှုမပြုလုပ်သင့်သလို ပညာရေးကဏ္ဍကို ရည်ရွယ်ချက်ရှိရှိဖျက်ဆီးနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများအား ဆန့်ကျင်ရှုတ်ချကြရန်လည်းအထူးပင် လိုအပ်လှပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် လက်နက်ဖြင့် အကြောက်တရားကို ဖန်တီးပြီး လူသစ်စုဆောင်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည့်အပြင် လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်လှုံ့ဆော်လျက်ရှိသည်ကိုလည်း တွေ့မြင်နေရပါသည်။ လူမျိုးစုများစွာရှိသည့်နိုင်ငံတွင် လူမျိုးကိုအခြေခံပြီး လက်နက်ကိုင်အဖွဲ့များဖွဲ့စည်းခြင်းနှင့် လက်နက်ကိုင်လှုပ်ရှားမှုများ လုပ်ဆောင်ခြင်းများသည် ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးစေပြီး တိုင်းပြည်၏စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် လူငယ်အချို့သည် ပြည်ဖျက်မီဒီယာအချို့၏ အပျက်သဘောဆောင်သည့် သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ပြီး သောင်းကျန်းသူများ၏ အသုံးချခံဖြစ်နေသည်ကိုလည်း စိတ်မကောင်းဖွယ်ရာ မြင်တွေ့ရလျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်သမားများသည် အင်အားတည်ဆောက်နိုင်ရေးအတွက် ဝေးလံခေါင်းပါးပြီး အသွားအလာခက်ခဲသည့်နေရာတွင် အခြေခံပြီး ဘိန်း၊ ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများမှရရှိသည့် ဝင်ငွေ၊ တရားမဝင်လမ်းကြောင်းမှ နိုင်ငံတော်သယံဇာတများ ခိုးထုတ်ရောင်းချမှုမှရသည့်ဝင်ငွေ၊ တရားမဝင်နည်းပေါင်းစုံသော လောင်းကစားဝိုင်းများမှရသည့်ဝင်ငွေများဖြင့် လက်နက်ခဲယမ်းများ ဝယ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ လူအင်အားစုဆောင်းတိုးချဲ့ခြင်းများ ပြုလုပ်ကြလျက်ရှိပါသည်။ ထို့အပြင်တိုင်းရင်းသားရေး အကြောင်းအမျိုးမျိုးပြ၍ လက်နက်စွဲကိုင်ကာ နိုင်ငံတော်ကို ဆန့်ကျင်မှုပြုလုပ်နေခြင်းများကို ခေတ်အဆက်ဆက်လုပ်ဆောင်ချက်များမှ သက်သေပြလျက်ရှိနေပါသည်။ အဓိကမူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းနှင့် သယံဇာတခိုးထုတ်သည့်လုပ်ငန်းကိုအခြေခံ၍ စခဲ့ခြင်းဖြစ်သည့်အတွက် အန္တရာယ်ကြီးမားလှသည့်အဖွဲ့အစည်းများပင်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါသောင်းကျန်းသူများကိုမည်သူကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း မပတ်သက်ကြရန်လိုအပ်လှပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပလက်ဝေခံအဖွဲ့အစည်းအချို့၏ လုပ်ရပ်များသည် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မဟုတ်ဘဲ ၎င်းတို့၏အဖွဲ့အစည်းအကျိုးအတွက်သာ ရှေးရှုလုပ်ဆောင်နေခြင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတစ်ရပ်ဖော်ဆောင်ရေးကို ပျက်စီးအောင်လုပ်နေခြင်းသာဖြစ်သည်ဆိုသည်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နေရာဒေသအချို့မှာ ဖြစ်ပွားနေသည့် ဖြစ်စဉ်ဖြစ်ရပ်များက သက်သေခံလျက်ရှိပါသည်။ ဒီမိုကရေစီနှင့်အညီ ဆောင်ရွက်နိုင်သည်ကို အဓမ္မနည်းနှင့်ပြုလုပ်နေခြင်းကြောင့် ဒေသခံများ၏ အကျိုးစီးပွားပျက်စီးခြင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားခွင့်ဆုံးရှုံးခြင်းများ ခံစားရသည့်အတွက် မိုက်မဲသည့်လုပ်ရပ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့များအပါအဝင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ပြည်သူလူထုနှင့် အတူလက်တွဲပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည့်ဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်သာဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် စွန့်လွှတ်စွန့်စားသူများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ဂုဏ်ပြုသွားကြရမည်ဖြစ်ပါသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နှင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရန်လုပ်ဆောင်ရာတွင် ပြည်သူ့စစ်အဖွဲ့များ၊ ဒေသခံကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်းထက် ဥပဒေနှင့်ပိုမိုညီညွတ်ပြီး စည်းစနစ်ကျသည့် ပြည်သူ့စစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်လည်းဖြစ်သည်။ နိုင်ငံ၏ပထဝီနိုင်ငံရေးအနေအထားနှင့် လက်ရှိကမ္ဘာတွင်ဖြစ်ပျက်နေသည့် အခြေအနေများအရ အဆိုပါဥပဒေပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်သဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီးလည်း ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်သည် နိုင်ငံတော်၏အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသည့် စစ်မှုထမ်းဟောင်းများအနေဖြင့်လည်း တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးဘာသာ သာသနာကို ကာကွယ်လိုသည့်စိတ်ဓာတ်၊ ဒို့တာဝန်အရေး(၃)ပါးကို အထိမခံသည့် စိတ်ဓာတ်များနှင့် ကျရာအခန်းကဏ္ဍမှ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပြန်လည်ထမ်းဆောင်ပါမည်ဆိုသည့် သတင်းပို့တောင်းဆိုမှုများ များပြားလာခြင်းကြောင့် အရန်တပ်ဖွဲ့ဥပဒေကို ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၃ ရက်မှာ အာဏာတည်စေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရန်တပ်ဖွဲ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရာတွင်လည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူခြင်းမဟုတ်ဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူ တာဝန်ပေးအပ်သွားခြင်းသာဖြစ်ပါသည်။ အဆိုပါ ဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ကာကွယ်ရေးအင်အားကို အထိုက်အလျောက် ပြန်လည်မြင့်တက်လာစေမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်လျှင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်သည်။ NCA သဘောတူစာချုပ်သည် လွယ်လင့်တကူဖြစ်ပေါ်လာသည့် သဘောတူစာချုပ်မဟုတ်ဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်ခဲ့သည့်ရက်မှစ၍ ဆွေးနွေးညှိနှိုင်းမှု ၅,၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ပြီးမှ ရရှိခဲ့သည့် သဘောတူစာချုပ်ဖြစ်ပါသည်။ ရရှိထားသည့် သဘောတူညီချက်များမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံမှာ ပြင်ဆင်သင့်သည့် အချက်များကို ဒီမိုကရေစီနည်းလမ်းတကျဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သွားရမည်လည်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် NCA စာချုပ်ကြီး ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ထုတ်ပြန်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါငြိမ်းချမ်းရေး မူဝါဒ(၆)ရပ်သည် NCA စာချုပ်၏ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းများမှရရှိလာသည့် "အသိတရား"များသာဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေရန်အတွက် လုပ်ဆောင်ရမည့်"အရှိတရား"များလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးတည်ဆောက်နေသလို ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဝါဒများနှင့်အညီ လိုက်နာကျင့်သုံးလျက်ရှိပါသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံငယ်များအပေါ် ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်လာစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြားဝင်စွက်ဖက်မှုများ ပြုလုပ်လျက်ရှိနေပါသည်။ ခေတ်သစ်ကိုလိုနီပြုခြင်း တစ်မျိုးဖြစ်သည်ဆိုသည်ကိုလည်း မြန်မာနိုင်ငံသားများအားလုံးမှ သတိထားနိုင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါသည့်နေရာမှာ တည်ရှိနေခြင်းကြောင့် ခေတ်သစ်ကိုလိုနီဝါဒအရ ၎င်းတို့၏အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မည့် အစိုးရနှင့်အဖွဲ့အစည်းများကို ပုံသဏ္ဍာန်မျိုးစုံဖြင့် ထောက်ပံ့ကူညီမှုများ ပြုလုပ်လျက်ရှိခြင်းကို ပကတိဖြစ်ရပ်များစွာက ပြသနေသလို ၎င်းတို့၏အလိုကို လိုက်လျောခြင်းမရှိဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုကာကွယ်နေသည့်အဖွဲ့အစည်းများကို စည်းလုံးမှုပျက်ပြားပြီး အင်အားချည့်နဲ့အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိနေကြပါသည်။

မျက်မှောက်ကာလသည် သတင်း၊ နည်းပညာနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များ လျင်မြန်စွာဖွံ့ဖြိုးလာသည်နှင့်အတူ လူမှုကွန်ရက်များကို တလွဲအသုံးချမှုများအထူး များပြားလာလျက်ရှိသည်။ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်ကိုအသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျစေရန်၊ ပြည်သူလူထုယုံကြည်မှုပျက်ပြားစေရန်နှင့် အထင်အမြင်လွဲမှားစေရန် ထိုးနှက်တိုက်ခိုက်မှုများစွာကို ပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် တပ်မတော်သားများအပါအဝင် နိုင်ငံသားအားလုံးအနေဖြင့် အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများကို အသိ၊ သတိများနှင့်ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ရန်လည်းအထူးလိုအပ်ပါသည်။ တပ်မတော်နှင့်ပြည်သူအကြား စည်းလုံးညီညွတ်မှုခိုင်မာမှုသာလျှင် တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မှာဖြစ်သည့်အတွက် တပ်မတော်သားများအနေဖြင့်လည်း စစ်သည်တော်ကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး တာဝန်ကျရာ နယ်မြေဒေသအသီးသီးတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်များဖြင့် ဆောင်ရွက်ပေးလျက်လည်းရှိပါသည်။

ယနေ့ကမ္ဘာပေါ်ရှိ နေရာအနှံ့အပြား၌ဖြစ်ပေါ်နေသည့် ပဋိပက္ခများကိုကြည့်လျှင် ယခင်က အဏုမြူလက်နက်၊ သမားရိုးကျလက်နက်များနှင့် ခြိမ်းခြောက်သည့် အခြေအနေမှ ယခုအခါ နည်းပညာအသုံးပြုစစ်ပွဲသဏ္ဍာန်များ အင်အားကြီးသူက အုပ်စုဖွဲ့ပြီး အင်အားနည်းသူအပေါ် အနိုင်ကျင့်လာကြခြင်းများ၊ အင်အားနည်းသည့်နိုင်ငံများကို ကြားခံထားပြီး အဆိုပါနိုင်ငံများ၏ အိမ်နီးချင်းအင်အားကြီးနိုင်ငံများကို နည်းမျိုးစုံဖြင့် ထိန်းချုပ်ရန်ကြိုးစားလာကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နည်းပညာအခြေပြု ခေတ်မီတပ်မတော်ဖြစ်စေရေးကို "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့်ဆောင်ပုဒ်အတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရဦးမည်သာဖြစ်သည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ ယခုနှစ် ၂၀၂၆ ခုနှစ် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့်-

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားစေရေးတို့အတွက် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(၂) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(၃) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ပဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(၄) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်များနှင့်အညီ ပြည်သူအားလုံးမှ တပ်မတော်နှင့်အတူ လက်တွဲ၍ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်ပွဲအနိုင်ရခဲ့သည့် အစိုးရသို့ နိုင်ငံတော်အာဏာပြန်လည်လွှဲပြောင်းပေးအပ်တော့မည့် တပ်မတော်၏ဂုဏ်ကျေးဇူးအား ဖော်ညွှန်းသည့် (၈၁)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း

## ၂၀၂၆ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍ အသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး (၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေးတို့ ဖြစ်သည်။

## မွန်မြတ်ပါပေ့ တပ်မတော်နေ့

☆ မတ်လ၂၇ တပ်မတော်နေ့
မရွှေ့တည်ပေ့ါ ပြည်မြန်မာ။
နယ်ချဲ့တွေ ကျူးကျော်စစ်
မြစ်ဖြတ်ပေတာ။
တပ်မတော်နဲ့ ပြည်သူဟာ
တွဲလက်မှာ မြဲတမြဲ။
ပြည့်အားကို ပြည်မှာဖော်လို့
ကျော်ရသည့်ပွဲ။

☆ မတ်လ၂၇ တပ်မတော်နေ့
မသွေ့တည်ပေ့ါ ပြည်မြန်မာ။
မျိုးချစ်တွေ ပြည်ချစ်သွေးနဲ့
ရေးခဲ့သစ္စာ။
ပြည့်ချစ်တဲ့ သွေးမဟာ
ပြည့်ရင်မှာ တည်အမြဲ။
တပ်မတော်ဆို ထိုခါနေ့က
လမ်းပြအမြဲ။

☆ မတ်လ၂၇ တပ်မတော်နေ့
မမေ့တည်ပေ့ါ ပြည်မြန်မာ။
တို့နိုင်ငံ လွတ်လပ်ရေး
မွေးဖွားခဲ့တာ။
တပ်မတော်နေ့ အစတည်ကာ
ရခဲ့ပါ လွတ်လပ်ရေး။
ထာဝစဉ်ဆို ထာဝရ
ထိန်းကြစို့လေး။

☆ မတ်လ၂၇ တပ်မတော်နေ့
ပွေ့ကာတည်ပေ့ါ ပြည်မြန်မာ။
နိုင်ငံရဲ့ အသက်သွေး
လွတ်လပ်ရေးပါ။
ထိန်းသိမ်းလို့ ကာကွယ်ရာ
ဝန်တာဟာ ပြည်သားတို့။
ကိုယ့်ဝန်တာ ကိုယ်တွေထမ်းလို့
လှမ်းရှေ့ဆက်စို့။

☆ မတ်လ၂၇ တပ်မတော်နေ့
ဖွေ့ကာတည်ပေ့ါ ပြည်မြန်မာ။
တို့မြေကို တစ်လက်မ
ထိကမခံတာ။
လက်သည်းဆိတ်က လက်ထိပ်နာ
မချိပါ ရင်ပူမြဲ။
ပြည်သူတွေ ပူးကာတွဲလို့
နွဲနေတဲ့ပွဲ။

☆ မတ်လ၂၇ တပ်မတော်နေ့
မွေ့ကာတည်ပေ့ါ ပြည်မြန်မာ။
တို့နိုင်ငံ ပြည်အဝှမ်း
အေးချမ်းဖို့ရာ။
တပ်မတော်နဲ့ ပြည်သူဟာ
တွဲလက်မှာ ဘယ်မကွဲ။
တို့နိုင်ငံ တို့အရေးကိုလ
မချို့ခိုင်ရန် တို့စဉ်တွေးလို့ရယ်
ဓားသွေးစဉ်မြဲ။ ။

ပြေအေးသက်



# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁၇)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၁၀ ရက် ၊ ၂၇-၃-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

**မီးရှူးမီးပန်းများ ပစ်ဖောက်**

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊

စာမျက်နှာ ၃ သို့ ✪

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ မတ် ၂၇ ရက် ၊ သောကြာနေ့ ။

မန္တလေးနေ့စဉ်

# (၈၁)နှစ်မြောက် တပ်မတော်နေ့

၂၀၂၆ခုနှစ်၊ မတ် ၂၇ ရက်သည် (၈၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပြီး ထူးခြားသော သမိုင်းဝင်နေ့တစ်နေ့လည်း ဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့် တစ်သားတည်း၊ အမျိုးသားလွတ်မြောက်ရေးသမိုင်းစဉ်နှင့် တစ်ဆက်တစ်စပ်တည်း အမျိုးသားနိုင်ငံရေးအသိ အပြည့်အဝဖြင့် ပေါက်ဖွားလာခဲ့သော တပ်မတော်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးသည် အချုပ်အခြာအာဏာပိုင်သောနိုင်ငံ၏ အသက်သွေးကြောပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိအောင်လည်း တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများ အသက်သွေးချွေးတို့ဖြင့် ရင်းနှီးရယူခဲ့ရသည်။ မြန်မာ့လွတ်လပ်ရေးနှင့်အတူ ရှင်သန်ပေါက်ဖွားလာခဲ့သောတပ်မတော်သည် စတင်သန္ဓေတည်လာကတည်းကပင် ယနေ့ထက်တိုင် နိုင်ငံနှင့်ပြည်သူအတွက် စွမ်းစွမ်းတမံ ရပ်တည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့တော်လှန်ရေးအင်အားစုများဖြင့် တည်ထောင်ခဲ့သော အဖွဲ့အစည်းသည် ၁၉၄၅ ခုနှစ်၊ မတ် ၂၇ ရက်နေ့တွင် ဖက်စစ်တော်လှန်ရေးကို စတင်ခဲ့သည်။ ထိုနေ့ကို တော်လှန်ရေးနေ့ဟု မှတ်တမ်းတင်ခဲ့သည်။ မတ် ၂၇ ရက်နေ့ကို တပ်မတော်အားဂုဏ်ပြုခြင်း အလို့ငှာ "တပ်မတော်နေ့"ဟု ခေါ်တွင်စေခဲ့သည်။ တပ်မတော်သည် ကြီးမားသောအင်အားနှင့် တည်ကြည်ဖြောင့်မတ်သော သဘောတရားများ ပေါင်းစပ်ဖွဲ့တည်နေသော အဖွဲ့အစည်းကြီးဖြစ်ရာ ပြည်သူများ၏ အားထားရာအစစ်လည်းဖြစ်သည်။ တပ်မတော်သည် ပြည်သူများ၏ အကျိုးစီးပွားနှင့် အမျိုးသားရေးတာဝန်များကို ကျေပွန်သော သမိုင်းအစဉ်အလာများကလည်း တပ်မတော်၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်။ တပ်မတော်သည် မီးပေးကောင်းသောဓားထက်သည့်ပမာ တိုက်ပွဲနှင့်အတူ ရှင်သန်ခဲ့ခြင်းကြောင့်စွမ်းရည်အရာတွင် ထက်မြက်လှသည်။ တပ်နှင့်ပြည်သူ လက်တွဲကူ ဘယ်သူခွဲခွဲ တို့မကွဲစိတ်ဓာတ်ဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မာစေရန် ဖြစ်သည်။

၂၀၂၆ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များမှာ-

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူတက်တွဲပြီး ကျရာကဏ္ဍ အသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး (၃)ပါးကို မသွေဖည်ဘဲတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေးတို့ ဖြစ်သည်။

၂၀၂၆ခုနှစ်၊ မတ်လ ၂၇ရက် တပ်မတော်နေ့ ဦးတည်ချက်များကို ပြည်သူအားလုံးက တပ်မတော်နှင့်အတူ လက်တွဲကာပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင် ဖြန့်ဝေ

**တောင်တွင်းကြီး မတ် ၂၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်၌ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ပြည်သူ့ စာကြည့်တိုက်တွင် နွေရာသီ ကျောင်းပိတ်ရက်၌ ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရန် အခမဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ကလေးများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ မတ် ၂၇ ရက်နေ့ နှစ် (၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်၊ "အားသစ်စေကြောင်း ပြည့်သားကောင်း၊ ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သိန္နိဋ္ဌာန် စိတ်ထားဖြင့် ထာဝစဉ် ရှင်သန် ရပ်တည်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်၏ စွမ်းရည်သုံးရပ်၊ တပ်မတော်အဆင့် ဆင့်ပြောင်းလဲဖွဲ့စည်းပုံ၊ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်၊ ကာတွန်း"စသည့် အချက်များပါဝင်ပြီး လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ အခမဲ့ထုတ်ဝေခြင်း ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(မိဿနိုးမြေ)**

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ





**မန္တလေး မတ် ၂၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၇၂) ဦး၊ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယင်းကော်မတီများအား ဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းများကိုလွှတ်တော်သို့ တင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က ၎င်းကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ကော်မတီဖွဲ့စည်းခြင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းကိုပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားပြီး လွှတ်တော်တွင် မှတ်တမ်းတင်သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပြီး အစည်းအဝေး တတိယနေ့ကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြင့်မော်ထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

## မိတ္ထီလာမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**မိတ္ထီလာ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီက မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံ၊ သွေးလှူဒါန်းမှုလက်ခံရာဌာန၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ၊ မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့်ဝန်ထမ်းများထံသို့ အားဖြည့်အစာအာဟာရပစ္စည်းများကို ပေးအပ်သည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာကို ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိက ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၅၃)

၀-၀-၀-၀-၀

၀-၀-၀

**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

◎ ရှေ့ဖုံးမှ

ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အဆိုရှင်များက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအဖြစ် ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းနှင့်တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေတင်ဆက်ကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများကကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော် ရေယာဉ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ယာဉ်ယန္တရားများ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါး ရုပ်တုများအား မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော် ထွန်းညှိထားရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများ မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းနှင့်တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၅၇/ ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူး ဇော်မျိုးနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်စန်းမော်အေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စနေမ | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူး အောင်နိုင်မိုးလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး ရဲဇော်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး ရှားလှ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ကြီး မင်းကြည်ဟိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ် သက်ပိုင်မြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ် ပြည့်စုံအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | တတ-၁၂၆၉၁၉ | ဒုတိယတပ်ကြပ် သူရိန်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | မောင်အောင်ဖြိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | မောင်ပိုင်သက်ကျော်(ခ) မောင်မျိုးဇင်သက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | မောင်ကောင်းမင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဦးရဲလင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဦးကျော်ဇင်ဝင်း | အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဦးကျော်ရဲထွဋ် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးမောင်ဆွေဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးနေထက်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးတင်မိုးဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးစောဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးဆန်းလင်း | | မကွေးတိုင်းဒေသကြီး |
| ၁၃။ | ဦးသူရိန်ထွန်း | | မကွေးတိုင်းဒေသကြီး |
| ၁၄။ | ဦးဟိန်းစည်သူ | | မကွေးတိုင်းဒေသကြီး |
| ၁၅။ | ဦးစံတင်ဝင်း | | မကွေးတိုင်းဒေသကြီး |
| ၁၆။ | ဦးကျော်ဇေဦး | | မကွေးတိုင်းဒေသကြီး |
| ၁၇။ | ဦးရန်နိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၁၈။ | ဦးမျိုးမင်းသူ | | မကွေးတိုင်းဒေသကြီး |
| ၁၉။ | ဦးမင်းလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၀။ | ဦးထက်ဝေဦး | | မကွေးတိုင်းဒေသကြီး |
| ၂၁။ | ဦးကျော်လင်းဦး | | မကွေးတိုင်းဒေသကြီး |
| ၂၂။ | ဦးငွေးလွင် | | မကွေးတိုင်းဒေသကြီး |
| ၂၃။ | ဦးမြင့်နိုင် | | မကွေးတိုင်းဒေသကြီး |
| ၂၄။ | ဦးမင်းနိုင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၅။ | ဦးသန့်ဇင်ဦး | | မကွေးတိုင်းဒေသကြီး |
| ၂၆။ | ဦးလှိုင်မင်းဆွေ | | မကွေးတိုင်းဒေသကြီး |
| ၂၇။ | ဦးဟိန်းသန့်ကို | | မကွေးတိုင်းဒေသကြီး |
| ၂၈။ | ဦးဇော်မျိုးအောင် | | မကွေးတိုင်းဒေသကြီး |
| ၂၉။ | ဦးသိန်းဇော်ဦး | | မကွေးတိုင်းဒေသကြီး |
| ၃၀။ | ဦးဇော်မျိုးငြိမ်း | | မကွေးတိုင်းဒေသကြီး |
| ၃၁။ | ဦးအေးဇော် | | မကွေးတိုင်းဒေသကြီး |
| ၃၂။ | ဦးလင်းထင် | | မကွေးတိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၈၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တ တည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား တပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်း လိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဩဝါဒစကားများ ပြန်လည်ပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှု၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ပြီး စွမ်းရည် ထက်မြက်သည့် တပ်မတော် ဖြစ်စေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိမှုများကိုဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစား တပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာများနှင့်အညီ မိဘဆရာသမားသဖွယ် ပြုစုကူညီစောင့်ရှောက်မှုများအတွက်လည်း အထူးဝမ်းမြောက် ကျေးဇူးတင်ဂုဏ်ယူလျက်ရှိမှုနှင့် အခြားဩဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၂၄ မှ

ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင် အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက တက်ရောက် ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂါရဝပြု နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ (၈၁) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို တက်ရောက်ရန် ရောက်ရှိနေကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများ အားလုံးကို နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စားရိုသေစွာနှုတ်ခွန်းဆက်သ ဂါရဝပြုပါကြောင်း၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ဂုဏ်ယူစွာတက်ရောက်လာကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများအားလုံးကို စုံစုံညီညီ တွေ့ဆုံရသည့်အတွက် တပ်မတော် တစ်ရပ်လုံးကိုယ်စား ကျေးဇူးတင် ဂုဏ်ယူပါကြောင်း၊ ယခုနှစ် (၈၁)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသည် ထူးခြားသည့် အခမ်းအနားဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တပ်မတော်နေ့အခမ်းအနား မတိုင်မီကာလတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က ဦးဆောင်ကျင်းပသည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အပိုင်း (၃)ပိုင်းဖြင့် ၂၆၃ မြို့နယ်တွင် ကျင်းပခဲ့ရာ မဲပေးခွင့်ရှိသည့် လူဦးရေ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း မိမိဆန္ဒ အလျောက် စည်းကမ်းစနစ်တကျဖြင့် လာရောက်ဆန္ဒမဲပေးခဲ့ကြသည်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်အကျိုးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်သည့် ပါတီနှင့်လူပုဂ္ဂိုလ်တို့ကို ယုံကြည်ချက်ဖြင့် ရွေးချယ်မဲပေးခဲ့ကြကြောင်း၊ ယခုအခါ ပြည်သူများက ရွေးချယ်ပေးခဲ့ကြသည့် ပြည်သူ့ ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အသီးသီး၌ လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ကာ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ အဆိုပါ ပေါ်ထွန်းလာမည့် ဒီမိုကရေစီအစိုးရအသစ်အား နိုင်ငံတော်တာဝန်ကို လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း။



ဗိုလ်ချုပ်ကြီး သိန်းစိန်(အငြိမ်းစား)က ဩဝါဒစကားပြောကြားစဉ်။

အလားတူ တပ်မတော်အပိုင်းတွင်လည်း (၈၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားပြီးဆုံးသည့် နောက်ပိုင်းတွင် ခေါင်းဆောင်ပိုင်း အပြောင်းအလဲများ ဖြစ်ပေါ် လာမည်ဖြစ်ကြောင်း၊ မည်သူ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တပ်မတော်၏ ခေါင်းဆောင်အစဉ်အဆက်၊ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာများ၏ လမ်းညွှန်ချက်များအတိုင်း၊ စစ်ပညာရပ်များအတိုင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်လျှောက်လှမ်းကြမည် ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဆက်လက်၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီလည်း လက်တွဲညီညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်က နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ခြင်းသည် ခေတ်အဆက်ဆက် လွတ်လပ်ရေး မတိုင်မီ၊ လွတ်လပ်ရေးရပြီးနှင့် လက်ရှိကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ အမိအဖ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ အဆင့်ဆင့်လက်ဆင့်ကမ်း သွန်သင် ဆုံးမမှုများကြောင့် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဆက်လက်၍လည်း မိမိတို့၏ တပ်မတော်ကို တပ်မတော်၏ အမိအဖများအားလုံးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးတို့က ကောင်းမွန်သော လမ်းညွှန်ဆုံးမမှုများ ပြုပေးနိုင်ပါရန် တပ်မတော်သားများနှင့် မိသားစုဝင်များကိုယ်စား ပန်ကြားလိုပါကြောင်း၊ မည်သူ ဦးဆောင်သည်ဖြစ်စေ တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖဖြစ်ပြီး အဆင့်ဆင့်သော ခေါင်းဆောင်မှုများနှင့် ချမှတ်ထားသော လမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာပါက အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ပြီး ဒို့တာဝန် အရေးသုံးပါးကို ဆက်လက်စောင့်ထိန်း၍ နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသည့် မူဝါဒဘောင်အတွင်းမှ တိုင်းပြည်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ တက်ရောက် လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်း အစဉ်အလာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံ အငြိမ်းစား တပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန် (အငြိမ်းစား)က တပ်မတော်နေ့ ရောက်တိုင်း တပ်မတော်တွင် တာဝန်အသီးသီး ထမ်းဆောင် ခဲ့သူများအား ဖိတ်ကြား ကန်တော့ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာ တစ်ရပ်ဖြစ်ကြောင်း၊ တပ်မတော်ကြီးသည် ထာဝစဉ်နုပျိုနေရန် လိုအပ်ပြီး အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝသည့် တပ်မတော်၊ စွမ်းအင်ထက်မြက်သည့် တပ်မတော် ဖြစ်နေရန် လိုအပ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ဒီမိုကရေစီ အစိုးရတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါ အစိုးရသည် တိုင်းပြည်ကောင်းမွန်စေရန်၊ တရားဥပဒေစိုးမိုးရန်၊ ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေရန်နှင့် နိုင်ငံလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တိုင်းပြည် တည်ငြိမ်အေးချမ်းရန် လိုအပ်သည့်အတွက် တပ်မတော်၏အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မတော်၏ အဓိက တာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဗိုလ်ချုပ်ကြီး သိန်းစိန်(အငြိမ်းစား)အား ဂါရဝပြုလက်ဆောင် ပစ္စည်းများ ဂါရဝပြုပေးအပ်စဉ်။

## ဂါရဝပြုပေးအပ်

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက အငြိမ်းစား တပ်မတော် အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော် အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

## လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှစ်ရပ်ဖွဲ့စည်းမှု အတည်ပြု



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

နေပြည်တော် မတ် ၂၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီထံသို့ နိုင်ငံတကာမှ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီနှစ်ရပ် ဖွဲ့စည်းမှုကို လွှတ်တော်၏အတည်ပြုချက်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၇၀ တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၂၀ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြု မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီးနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့က ပေးပို့လာသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော် အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း၊ အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေး ကော်မတီကဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုတွေ့ရစဉ်။

### ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | တပ်ကုန်းမဲဆန္ဒနယ် | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | တောင်ငူမဲဆန္ဒနယ် | ဒေါက်တာ ကျော်ဦး | အဖွဲ့ဝင် |
| ၃။ | ပုဗ္ဗသီရိမဲဆန္ဒနယ် | ဦးလှဆွေ | အဖွဲ့ဝင် |
| ၄။ | မူဆယ်မဲဆန္ဒနယ် | ဦးအောင်ဇော်မိုး(ခ) ဦးအောင်ဇော်မိုးထွန်း | အဖွဲ့ဝင် |
| ၅။ | ကော့မှူးမဲဆန္ဒနယ် | ဦးအောင်မျိုးသန်း | အဖွဲ့ဝင် |
| ၆။ | ဒိုက်ဦးမဲဆန္ဒနယ် | ဒေါ်သီဂီမြင့်ရည် | အဖွဲ့ဝင် |
| ၇။ | ဖျာပုံမဲဆန္ဒနယ် | ဒေါ်စိုးစိုးရီ | အဖွဲ့ဝင် |
| ၈။ | မင်းတုန်းမဲဆန္ဒနယ် | ဦးစိုးနိုင် | အဖွဲ့ဝင် |
| ၉။ | ဖာပွန်မဲဆန္ဒနယ် | ဦးစောဝင်းထိန် | အဖွဲ့ဝင် |
| ၁၀။ | ဝါးခယ်မမဲဆန္ဒနယ် | ဦးသန်းနိုင် | အဖွဲ့ဝင် |
| ၁၁။ | မြို့သစ်မဲဆန္ဒနယ် | ဦးစိုးဝင်း | အဖွဲ့ဝင် |
| ၁၂။ | ခန္တီးမဲဆန္ဒနယ် | ဦးဂုဏ်ဝမ်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ချုပ် ရဲကျော်သူ | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး တင်သောင်းလင်း | အဖွဲ့ဝင် |
| ၁၅။ | ထားဝယ်မဲဆန္ဒနယ် | ဒေါက်တာ ကျော်ကျော်ဌေး | အတွင်းရေးမှူး |

### ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျိုင်းတုံ မဲဆန္ဒနယ် | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ |
| ၂။ | ပဲခူး မဲဆန္ဒနယ် | ဦးမင်းခန့်ကျော် | အဖွဲ့ဝင် |
| ၃။ | ဖောင်းပြင် မဲဆန္ဒနယ် | ဦးခင်မောင်ထွန်း | အဖွဲ့ဝင် |
| ၄။ | ဘုတ်ပြင်း မဲဆန္ဒနယ် | ဦးအောင်လင်းလှိုင် | အဖွဲ့ဝင် |
| ၅။ | ကျွန်းစု မဲဆန္ဒနယ် | ဦးအောင်ကျော်နှင်း | အဖွဲ့ဝင် |
| ၆။ | ကလော မဲဆန္ဒနယ် | ဒေါက်တာ နန္ဒာလှမြင့် | အဖွဲ့ဝင် |
| ၇။ | တမူး မဲဆန္ဒနယ် | ဦးအောင်ကိုလတ် | အဖွဲ့ဝင် |
| ၈။ | တောင်သာ မဲဆန္ဒနယ် | ဦးတိုးဝင်း | အဖွဲ့ဝင် |
| ၉။ | ပေါင်းတည် မဲဆန္ဒနယ် | ဒေါ်ဆွေဆွေသင်း | အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်တထောင် မဲဆန္ဒနယ် | ဦးဉာဏ်ဝင်းထိုက် | အဖွဲ့ဝင် |
| ၁၁။ | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | ဒေါ်စမ်းစမ်းဌေး | အဖွဲ့ဝင် |
| ၁၂။ | ကျောင်းကုန်း မဲဆန္ဒနယ် | ဒေါက်တာ ထိန်ဝင်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် အောင်စိုး | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး လှနိုင် | အဖွဲ့ဝင် |
| ၁၅။ | ပုသိမ် မဲဆန္ဒနယ် | ဦးသန်းထွန်း | အတွင်းရေးမှူး |

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

နေပြည်တော် မတ် ၂၆

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။


တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇင်မင်းထက်အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေ စာရင်းကော်မတီတွင် ကော်မတီ ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီ တိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းအောင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေ စာရင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**အတည်ပြု**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် အခွင့်အရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ် (၂)မှ Jeng Phang နော်တောင်၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီ တိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသား လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှသိန်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရန်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**ကြိုတင်အသိပေး ကြေညာသွားမည်**

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေး ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဒေါ်နွယ်နွယ်ဦး | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဦးရှားရယ် | ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဦးသန်းထွန်း | ရခိုင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဒေါ်ဇင်ပပဦး | ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဦးခိုင်ဝင်းအောင် | ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၇။ | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၈။ | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၉။ | ဦးအေးပိုင် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဦးစိုးကြည် | တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ဗိုလ်မှူးချုပ်မြင့်သောင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးကြီးလှိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

စာမျက်နှာ ၈ သို့ ☆

✰ စာမျက်နှာ ၇ မှ

### အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်သိင်္ဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဒေါ်မီမီကျော်ထွန်း | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးချစ်ဝေ | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၅။ | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်ကျော်လင်း(ခ)<br>ဦးထိန်လင်း | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဒေါ်ထားထားနု | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်ကျော်မင်း | ဧရာဝတီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၁၀။ | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ခွန်ဝင်းဦး | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးဖြိုးမင်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **အတွင်းရေးမှူး** |

### အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | Jeng Phang နော်တောင် | ကချင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၃။ | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၆။ | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၈။ | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်မင်းနိုင် | ချင်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်ဌွေး | မကွေးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်မြမြသက် | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စိုင်းဝင်းခိုင် | ရှမ်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်ချုပ်ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးစိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးအောင်တင်မြင့် | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

### အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ခင်ရွှေမြင့် (ခ)<br>ဒေါ်နှောင်းထွေး | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၃။ | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးကျော်စိန်လှ | ရခိုင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၆။ | ဒေါ်ယဉ်မင်းထိုက် | မွန်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၇။ | ဦးဖြိုးဝေလင်း | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဦးခင်မောင်တင့် | ရန်ကုန်တိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်သန်း | မကွေးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၁။ | ဦးဇော်မင်းထူး | ကယားပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စောမြတ်ထွဋ်ဝင်း (ခ)<br>ကိုဆို့ | ကရင်ပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်အောင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီး<br>ဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးရန်နိုင်ဦး | ရန်ကုန်တိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **အတွင်းရေးမှူး** |

# (၈၁) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်



နေပြည်တော် မတ် ၂၆

(၈၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် နကွတ်၊ ထူးခန့်ကျော်၊ နေနော်၊ မြယာ၊ အောင်ကျော်ထွန်း၊ စိုးသီဟ၊ နက်ရှိုင်းကို၊ နေလင်းရှိန်၊ ပိုင်အုပ်စိုးအောင်၊ ခိုင်ဇော်နှင့် ဉာဏ၊ ဇာတ်လမ်း/ ဇာတ်ညွှန်း လင်းထင်မောင်မောင်၊ တွဲဖက်ဒါရိုက်တာ လေးနိုင်မိုး၊ စီစဉ်ကြီးကြပ်သူ အောင်ကျော်ဦး၊ Production Team သူရကိုကို၊ Stunt Team မိုးစက်၊ ဂီတမှူး ဗညားရဲရင့်နှင့် ဒါရိုက်တာ အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် ပြည့်စုံလင်းက (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲများတွင် စစ်ချီသီချင်းပြိုင်ပွဲ၌ ပထမဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ ဒုတိယဆုရရှိသူ မိုးမြင့်ဦး(လုပ်သား-ရှပ)၊ တတိယဆုရရှိသူ ခန့် ငြား(ကေတုမတီ)၊ စတုတ္ထဆုရရှိသူ ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)၊ ပဉ္စမဆုရရှိသူ ဗိုလ်ထိန်(မီးသတ်)၊ စစ်သည်တေးသီချင်းပြိုင်ပွဲ၌ ပထဆုရရှိသူ စုစုဇော်(သီရိခေတ္တရာ)၊ ဒုတိယဆုရရှိသူ ခင်ငြိမ်းချမ်းစိုး(သဇင် FM)၊ တတိယဆုရရှိသူ ကျော်ဆွေအောင်၊ စတုတ္ထဆုရရှိသူ ကေသီအောင်၊ ပဉ္စမဆုရရှိသူ လှိုင်ဝင်းထွန်း၊ ကဗျာ(ဝါသနာရှင်)ပြိုင်ပွဲ၌ ပထမဆုရရှိသူ ထွန်းထွန်း(လားရှိုး)၊ ဒုတိယဆုရရှိသူ မြတ်မင်းသန့်၊ တတိယဆုရရှိသူ ရဲကျော်၊ စတုတ္ထဆုရရှိသူ ကြေးမုံဖြိုးသန့်(ရွှေရတု)၊ ပဉ္စမဆုရရှိသူ ထာဝရမွန်(ဂုဏ်ထူးတန်း) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်က (၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာ(အလွှတ်တန်း)၌ ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ မြတ်ထွဏ်းနောင်၊ တတိယဆုရရှိသူ မျိုးစစ်သည်၊ စတုတ္ထဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဝတ္ထုတို(ဝါသနာရှင်)၌ ပထမဆုရရှိသူ မနောဖြူ၊ ဒုတိယဆုရရှိသူ မနောသစ်(ပခုက္ကူ)၊ တတိယဆုရရှိသူ ရဲမွန်ကျော်၊ စတုတ္ထဆုရရှိသူ မောင်အေးချမ်း(ခနဖြူ)၊ ပဉ္စမဆုရရှိသူ ကိုစော(ပထဝီဝင်)၊ ဝတ္ထုတို(အလွှတ်တန်း)၌ ပထမဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ နွေးထက်လှိုင်၊ စတုတ္ထဆု ရရှိသူ မင်းလပြည့်(ဟားခါး)၊ ပဉ္စမဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ရဲရင့်အောင်က (၈၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဝတ္ထုရှည်(ဝါသနာရှင်)၌ ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ ရှားမိန်း၊ တတိယဆုရရှိသူ ကျော်စိုး(ဒိုက်ဦး)၊ စတုတ္ထဆုရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)၊ ပဉ္စမဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ဝတ္ထုရှည်(အလွှတ်တန်း)၌ ပထမဆုရရှိသူ ပိုင်ဇင်ဇော်(သတ္တု)၊ ဒုတိယဆုရရှိသူ ခန့်ပိုင်၊ တတိယဆုရရှိသူ ဘုန်းရဲနိုင် (ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ မောင်စူးရ(အနောက်ရိုးမ)၊ ပဉ္စမဆုရရှိသူ ရဲခေါင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တက်ရောက်လာကြသူများအား လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့တွင် အမျိုးသမီးဘောလုံးအကယ်ဒမီ ပထမဆုံးဖွင့်လှစ်မည်

**မန္တလေး မတ် ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အမျိုးသမီးဘောလုံးအားကစားသမား မျိုးဆက်သစ်များ မွေးထုတ်နိုင်ရန်ရည်ရွယ်၍ မန္တလေးမြို့တွင် အမျိုးသမီး ဘောလုံး အကယ်ဒမီကို ပထမဆုံးအဖြစ် ဖွင့်လှစ်သွားမည် ဖြစ်သည်။

ထိုအကယ်ဒမီအတွက် သင်တန်းသားသစ်များကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ရွေးချယ်သွားမည်ဖြစ်ပြီး အသက် ၁၃ နှစ်အောက်နှင့် ၁၅ နှစ်အောက် အမျိုးသမီးကစားသမားများကို အဓိကထား ရွေးချယ်မည်ဖြစ်သည်။

ရွေးချယ်ပွဲများကို တိုင်းနှင့် ပြည်နယ် ၁၀ နေရာတွင် ဇုန်အလိုက် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဧပြီ ၃ ရက်နှင့် ၄ ရက်များတွင် ပဏာမရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် နေပြည်တော်၊ တောင်ကြီး၊ ကလေးနှင့် အောက်မြန်မာပြည်ရှိမြို့များတွင်လည်း သတ်မှတ်ရက်များအလိုက် ဆက်လက်ရွေးချယ်သွားမည်ဖြစ်သည်။

ပဏာမရွေးချယ်ခံရသူများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့တွင် မေ ၉ ရက်မှ ၁၃ ရက်အထိ အပြီးသတ်ရွေးချယ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး အပြီးသတ်ရွေးချယ်ခံရသူများစာရင်းကို မေ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

လျှောက်ထားလိုသူများအနေဖြင့် မွေးစာရင်း၊ အိမ်ထောင်စုဇယား၊ မှတ်ပုံတင်မိတ္တူများနှင့် ကျောင်းထောက်ခံစာမူရင်းတို့ကို ယူဆောင်၍ သတ်မှတ်ထားသည့်နေရာများတွင် လာရောက်လျှောက်ထားရမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဝင်ရောက် ရွေးချယ်ခံလိုသူများသည် ဧပြီ ၂ ရက်မတိုင်မီ မြန်မာဘောလုံးအကယ်ဒမီသို့ ကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ အမျိုးသမီးဘောလုံးအကယ်ဒမီ ဖွင့်လှစ်ခြင်းသည် မြန်မာနိုင်ငံအတွင်း အမျိုးသမီးဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ခ)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၂၆

ယနေ့ ည ၉ နာရီ ၁၆ မိနစ် ၅၀ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့တောင်ဘက် ၂၁ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ၊ အနက် ၄၃ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၂(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ၂၀၂၆ ခုနှစ် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ" ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ" ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀:၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀:၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် ရှစ်ဦးနှင့် AA အဖွဲ့ဝင် ၁၀ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသားရှစ်ဦး၊ AA အဖွဲ့ဝင် အမျိုးသား ၁၀ ဦး၊ စုစုပေါင်း ၁၈ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့မှ တစ်ဦး၊ အင်္ဂပူမြို့နယ်မှ တစ်ဦး၊ ရေကြည်မြို့နယ်မှ တစ်ဦး၊ ရွှေသောင်ယံမြို့နယ်မှ တစ်ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ တစ်ဦး၊ ကြံခင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ နှစ်ဦး၊ မြေပုံမြို့နယ်မှ တစ်ဦး၊ မြောက်ဦးမြို့နယ်မှ နှစ်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ ဂွမြို့နယ်မှ နှစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ တစ်ဦးနှင့် မောင်တောမြို့နယ်မှ တစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 အမျိုးအစား မောင်းပြန်ရိုင်ဖယ်ငါးလက်၊ MA-3 အမျိုးအစား မောင်းပြန် ရိုင်ဖယ်တစ်လက်၊ MA-11 အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်၊ SIG SAUER အမျိုးအစားပစ္စတိုတစ်လက်၊ ၃၅ တောင့်ဝင်ကျည်အိမ် ကိုးခု၊ SIG SAUER အမျိုးအစား ပစ္စတိုကျည်အိမ်တစ်ခု၊ BA-91 လက်ပစ်ဗုံး တစ်လုံး၊ ၅ ဒသမ ၅၆ မမ ကျည် ၂၈၃ တောင့်၊ ၇ ဒသမ ၆၂ မမ ကျည် ၂၃ တောင့်နှင့် USA 380 AUTO အတောင့် ၂၀ တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများအတွက် သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ်ခုနစ်လက်အတွက် ကျပ်သိန်း ၃၅၀၊ ပစ္စတိုတစ်လက်အတွက် ကျပ်သိန်း ၂၀၊ လက်ပစ်ဗုံးတစ်လုံးအတွက် ဆုကြေးငွေကျပ်သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူတစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ၁၈ ဦးအတွက် ကျပ် ၅၄ သိန်း စုစုပေါင်း ချီးမြှင့်ငွေကျပ် ၄၂၇ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ ကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက်ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

“အကြမ်းဖက်အဖွဲ့အစည်းထဲကို ကျွန်တော် ရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ ရန်ကုန်မှာ အလုပ်လုပ်နေရင်းနဲ့ Tiktok ကနေပြီး ချိတ်ဆက်မိသွားတယ်။ သံတွဲကို ကျွန်တော်တို့ကို ပို့တယ်။ ရောက်သွားတဲ့အချိန်က စပြီးတော့ ကျွန်တော်တို့တွေ ပင်ပန်းဆင်းရဲဒုက္ခတွေ မျိုးစုံခံခဲ့







ရတယ်။ သူတို့တွေရဲ့ စနစ်ကလည်း ကျွန်တော်တို့လုံးဝမကြိုက်ဘူး။ မူးရူးလာတဲ့ အချိန်ဆိုရင် ရဲဘော်ကို ရဲဘော်မှန်းလည်းမသိ။ ဆဲဆိုတယ်။ ရိုင်းပျတယ်။ ရိုက်နှက်မှုတွေက အများကြီးကို ပိုဆိုးတယ်။ AA တွေ ကျွန်တော်တို့ကို လာမခေါ်ခင်တုန်းကတော့ ကျွန်တော်ပြောတယ်။ ကျွန်တော် ပြန်လို့ရရင် ပြန်မယ်။ ကျွန်တော် မနေချင်ဘူးလို့။ တောထဲလည်း မဝင်ချင်ဘူးလို့ပြောတဲ့ အချိန်မှာ မင်းတို့ပြန်လို့မရဘူးတဲ့။ ဒီဘက်ကိုလာပြီးတော့ ပြန်လို့ရှိရင် အရှင်ထွက်တော့မရဘူး။ အသေထွက်ပဲရမယ်လို့ပြောတယ်။ သင်တန်းနည်းပြတွေက ကျွန်တော်တို့ကို ဆက်ဆံတဲ့ ပုံစံတွေကတော့ ရင့်သီးတယ်။ ရိုင်းပျတယ်။ အသိစိတ်ဓာတ် အလွန်နည်းတော့ သင်တန်းသား တစ်ယောက်နဲ့ သင်နည်းပြတစ်ယောက်က သူတို့ သင်ကြားမှုပဲမှန်တယ်။ သူတို့ပြောတာပဲမှန်တယ်။ သူတို့ခိုင်းတာပဲလုပ်ဆိုတဲ့ပုံစံမျိုးနဲ့ ဆက်ဆံပြီးတော့ ကျွန်တော်တို့ကိုသင်တန်းပေးတယ်။ ကျွန်တော်သင်တန်းတက်ပြီးသွားလို့ ရှေ့တန်းရောက်လာတဲ့အချိန်မှာတော့ ကာကင်းမှာပဲ နေရတယ်။ ကာကင်းမှာ AA တွေနဲ့ နေရတယ်။ AA တွေက သူတို့ခိုင်းတာလုပ်၊ တစ်ခါတလေကျ သူတို့ဘက်က မှားတာရှိလို့ ပြန်ပြောရင် ဖြတ်ကန်တာတို့၊ သတိဆွဲပြီး ပါးရိုက်တာတို့လုပ်တယ်။ တချို့ AA တွေဆိုလည်း သူများတကာ အိမ်တွေပေါ်တက် အဝတ်အစားတွေ မွှေနှောက်၊ ကျွန်တော်တို့တွေက မကြိုက်လို့ ပြောတော့ ကျွန်တော်တို့ကို သတိဆွဲပြီး ပါးရိုက်တယ်။ အလင်းဝင်ဖို့ ကျွန်တော် တွေးတယ်။ တစ်လနှစ်လလောက်ထိကို ကျွန်တော် တွေးနေတယ်။ ကြိုးစားလို့မရဘူး။ ကျွန်တော်တို့ကို စောင့်ကြည့်တဲ့ဟာတွေရှိတယ်လေ။ အခုလိုမျိုး ကျွန်တော်တို့လို အလင်းဝင်လာတဲ့သူတွေကို အခမ်းအနားကြီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးကြတဲ့အတွက် တပ်မတော်ကလူကြီးမင်းများ၊ အရာရှိများနဲ့ ရဲဘော်အပေါင်းတို့ကို အားလုံးကျေးဇူးတင်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။”

“ဒီကို ရောက်လာပြီးတော့ အကုန်လုံး အဆင်ပြေတယ်။ ကျွန်တော်တို့ စားရသောက်ရတာက ကျွန်တော်တို့အလင်းဝင်တဲ့သူတွေကို အခမ်းအနားနဲ့ ကြိုဆိုတယ်။ ထောက်ပံ့ကြေးတွေလည်း ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်ကို အထူးကျေးဇူးတင်ပါတယ်။ အခုတောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကို ကျွန်တော့်လိုအလင်းဝင်ဖို့ အကုန်လုံးကိုဖိတ်ခေါ်တယ်။ အလင်းဝင်လာဖို့အတွက်ကိုလည်း ကျွန်တော် မျှော်လင့်မိပါတယ်။”

“ကျွန်တော်က အရင်တုန်းက သာမန်ပြည်သူပါ။ ကျွန်တော် နိုင်ငံရေးတွေ၊ ဘာတွေလည်း စိတ်မဝင်စားဘူး။ မိသားစုတွေနဲ့ အေးအေးချမ်းချမ်း နေတယ်။ စုဆောင်းရေး ရောက်တော့ တစ်လလောက်ထိတော့ နားရတယ်။ စုဆောင်းရေးကနေ့သွင်းထားတဲ့အချိန်မှာ ကတုတ်ကျင်းတူးတာတို့၊ ဘန်ကာဆောက်တာတို့၊ အဆောက်အအုံဆောက်တာတို့၊ သင်တန်းကွင်းအတွက် မြေနေရာရှင်းတာတို့ အဲဒါမျိုးတွေ ကျွန်တော်တို့ လုပ်ရပါတယ်။ သစ်ပင်ခုတ်၊ ဝါးခုတ်တာ၊ အဲဒါမျိုးတွေ အစုံလုပ်ရပါတယ်။ စားတာကတော့ မနက်ပိုင်းကို ဆန်ပြုတ်တိုက်ပါတယ်။ နေ့လယ်ပိုင်းကို ငါးနီတူးတစ်ယောက်ကို ၁၀ ဖတ်၊ ၁၅ ဖတ်လောက်ပဲ ရတယ်။ လျော့ကျွေးပါတယ်။ တစ်ခါတလေ မြေပဲထောင်းပြီး ငရုတ်သီးနဲ့ကြော်တဲ့ဟာလည်း ကျွေးတယ်။ ကွင်းထဲမှာရှိတဲ့ ကင်ပွန်းချဉ်အရိုင်းတွေခူးပြီး ချဉ်ရည်ဟင်းချက်စားရတာရှိပါတယ်။ ဆန်ကတော့မိုးမိထားလို့အခဲဆန်မျိုးတွေလည်းရှိပါတယ်။ သင်တန်းကာလတစ်လျှောက်လုံး မိုးလင်းမိုးချုပ် လူမဆန်စွာခိုင်းတယ်။ ကန်တယ်။ ကြောက်တယ်။ ပြေးသွားပြီဆိုရင်လည်း ပြန်ဖမ်းတယ်။ ပြန်ဖမ်းမိရင် သင်တန်းသား အစုံအစိပေါ့။ ၅၀ ရှိရင် ၅၀၊ ၁၀၀ ရှိရင် ၁၀၀၊ တစ်ယောက်ငါးချက်စီ ရိုက်ခိုင်းပါတယ်။ ပြီးတော့ သံခြေကျင်းနဲ့ ထောင်သဘောမျိုး ဆောက်ထားတဲ့ အဆောက်အအုံမှာထားပါတယ်။ ဒီဖိနှိပ်မှုကတော့တော်တော်လေး ကြီးမားပါတယ်။ ဒါကို ကျွန်တော်တို့က COMPLAIN တက်ခွင့်မရှိပါဘူး။ ပြန်လည်ပြောဆိုခွင့်မရှိပါဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့အပေါ် ဆက်ဆံတာကတော့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာတဲ့အတွက် သူတို့ဘက်ကလည်း လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာနဲ့ ကြိုဆိုကြပါတယ်။ အခုလို ကျွန်တော်တို့ အသိစိတ်ဓာတ်နဲ့ အလင်းဝင်လာတာကို လှိုက်လှိုက်လှဲလှဲ ပြန်လည်ပြီးတော့ ကြိုဆိုပေးတဲ့ တပ်မတော်အကြီးအကဲတွေရော ပြည်သူတွေရောအားလုံးကိုလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ တော်လှန်ရေး ခေါင်းစဉ်တပ်ထားပြီးတော့ အဲဒီအရိပ်အောက်မှာ လက်ရှိတိုက်နေကြတဲ့ညီအစ်ကိုတွေရောတိုင်းရင်းသားအားလုံးရော လက်နက်နဲ့ငြိမ်းချမ်းရေးကို လာရောက်လဲလှယ်ပေးပါ။ လက်နက်မဲ့အလင်းဝင်ချင်လည်း လာရောက်ပြုလုပ်ပါ။ ဒီဘက်မှာက အားလုံးလုံခြုံပါတယ်။ ဘေးကင်းပါတယ်။ မိသားစုကို ဒုက္ခပေးခြင်းမျိုး ဘာတစ်ခုမှမရှိပါဘူး။ ရောက်လာတဲ့ လူတွေအပေါ်မှာလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်းကို ကျွန်တော်တို့ကလည်း အာမခံပါတယ်။ ကျွန်တော်တို့လည်း လက်ရှိမှာ အလင်းဝင်လာတဲ့ လူတွေပါပဲ။” **သတင်းစဉ်**



# အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် စက်သုံးဆီရောင်းချပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ခြင်း

စက်သုံးဆီဝယ်ယူရာတွင် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ပြီး ပိုမို၍ပြည့်စုံသည့်စနစ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် ၂၇-၃-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချသွားမည်ဖြစ်ပြီး ကျန်မြို့များတွင်လည်း ယခုစနစ်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စနစ်အားအသုံးပြုရာတွင် မော်တော်ယာဉ်၏ Wheel Tax တွင် အာမခံမှုအမှတ်အသား (Hologram) ပါရှိမှသာ အရောင်းဆိုင်ဝန်ထမ်းက Scan ဖတ်မည်ဖြစ်ပါသည်။



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အာမခံမှုအမှတ်အသား (Hologram)

ယင်းအချိန်တွင် Gas ကားဖြစ်ပါက **"Gas ဆိုင်တွင်သာ ဝယ်ယူရန်"** စာသားပေါ်လာမည် ဖြစ်ပါသည်။

Gas ဆိုင်တွင်သာ ဝယ်ယူရန်

ဓာတ်ဆီ၊ ဒီဇယ်ဆီကားများဖြစ်ပါက မော်တော်ယာဉ်နံပါတ်၊ တစ်ပတ်အတွင်း ဝယ်ယူခွင့်ပမာဏ၊ ဝယ်ယူပြီးသည့်ပမာဏ၊ ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ ပေါ်လာမည်ဖြစ်ပါသည်။

**ယာဉ်အမှတ်- 1A/1111**

| | |
|---|---|
| ယခုအပတ်အတွက်ဝယ်ယူခွင့်ပြုသည့်ပမာဏ | ၃၅ လီတာ |
| ဝယ်ယူပြီးသည့်ပမာဏ | ၀ လီတာ |
| ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ | ၃၅ လီတာ |

ဝယ်ယူမည့်ဆီအမျိုးအစားနှင့်ပမာဏကို ဖြည့်သွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချသည့်ဆိုင်နံပါတ်၊ တည်နေရာ၊ ဆီပမာဏများအလိုအလျောက် Server သို့ ဝင်ရောက်သွားပါမည်။

**ယာဉ်အမှတ်- 1A/1111**

92 | 95 | 97 | HSD | PHSD

ဝယ်ယူမည့်ပမာဏ ၂၀ လီတာ

→ Server တွင် ဆီပမာဏ အပါအဝင် ရောင်းချမှု မှတ်တမ်းဝင်သွားပါမည်။

ဝယ်ယူသည့်ပမာဏကို ရောင်းချပါမည်။

ဒုတိယအကြိမ်ထပ်မံဝယ်ယူသည့်အချိန်တွင် Quota ကုန်နေပါက ဝယ်ယူခွင့်မပြုကြောင်း ဖော်ပြပေးပါမည်။




သတ်မှတ်ပေးသည့် Quota ကို တစ်ပတ်အတွင်း အပြီးအပြတ် ဝယ်ယူရပါမည်။

ခရီးဝေးသွားရောက်မည့်ယာဉ်များအတွက် မူလဝယ်ယူထားသည့် စက်သုံးဆီငွေရှင်းပြေစာကို ပြသ၍ ရောက်ရှိရာအခြားတိုင်းဒေသကြီး/ပြည်နယ်ရှိ အရောင်းဆိုင်များတွင် Scan ဖတ်၍ ထပ်မံဝယ်ယူနိုင်မည်ဖြစ်ပါသည်။

ခရီးဝေးပြေးဆွဲနေသည့် အထူးဘတ်စ်ကား၊ လူမှုကူညီရေးယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်၊ ရေပုတ်စုပ်ယာဉ် စသည့်ယာဉ်များကို Quota များ သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ Scan ဖတ်၍ မှတ်တမ်းတင်ထားပြီး Online Monitoring စနစ်ဖြင့် ကြပ်မတ်ထိန်းကျောင်းသွားပါမည်။

ကုန်တင်ယာဉ်ကြီးများအနေဖြင့် မြို့ပြင်ရှိစက်သုံးဆီဆိုင်များတွင်သာ QR Code စနစ်ဖြင့် ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စက်မှုလယ်ယာကဏ္ဍတွင် အသုံးပြုသည့် ထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် မီးစက်များအတွက် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့်ပုံစံတွင် ဖြည့်စွက်၍ နီးစပ်သောအရောင်းဆိုင်များတွင် မှတ်တမ်းထားရှိ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် Bar Code သို့မဟုတ် QR Code ဖတ်၍ ရောင်းချပေးထားမှုနှင့် ပုံစံတွင်ဖြည့်စွက်၍ ရောင်းချပေးထားသည့်စက်သုံးဆီပမာဏကိုသာ ပြန်လည်ဖြည့်တင်းခွင့်ရရှိမည်ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းအနေဖြင့် တစ်ပတ်စာဝယ်ယူခွင့်အကြိမ်ရေနှင့် ပမာဏကို ထုတ်ပြန်ပေးမည်ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ စက်သုံးဆီဝယ်ယူခွင့်ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

**ယာဉ်အုပ်စုနှင့် စက်စွမ်းအင်အလိုက် တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့် စက်သုံးဆီပမာဏအခြေပြဇယား**

| စဉ် | ယာဉ်အုပ်စု | စက်စွမ်းအား | တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိမည့် ပမာဏ(ဓာတ်ဆီ/ ဒီဇယ်ဆီ) | | တစ်ပတ်အတွင်း အများဆုံး ဝယ်ယူနိုင်မည့် အကြိမ်ရေ |
|---|---|---|---|---|---|
| | | | လီတာ | ဂါလန် | |
| ၁ | ဆိုင်ကယ် | - | ၈ | ၁.၈ | ၂ ကြိမ် |
| ၂ | သုံးဘီး | - | ၂၅ | ၅.၅ | ၃ ကြိမ် |
| ၃ | ထရော်လာဂျီ | - | ၃၀ | ၆.၆ | ၃ ကြိမ် |
| ၄ | အိမ်စီးမော်တော်ယာဉ်နှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက် (Saloon, Station Wagon, Jeep စသည့်) | ၂၀၀၀ စီစီအထိ | ၃၅ | ၇.၇ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီအထက်မှ ၃၀၀၀ စီစီအထိ | ၄၀ | ၈.၈ | ၂ ကြိမ် |
| | | ၃၀၀၀ စီစီအထက် | ၄၅ | ၉.၉ | ၂ ကြိမ် |
| | Taxi (နံပါတ်အနီ) (Saloon, Van စသည့်) | ၂၀၀၀ စီစီအထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီအထက်မှ ၃၀၀၀ စီစီအထိ | ၁၀၀ | ၂၂ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီအထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| ၅ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင်ဝန်ပေါ့ (Light Duty ) ယာဉ် (နံပါတ်အနက်နှင့်အနီ) (Light Truck, Truck, Pickup စသည့်) | ၂၀၀၀ စီစီအထိ | ၉၀ | ၁၉.၈ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီအထက် | ၁၁၀ | ၂၄.၂ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၆ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင်ဝန်လေး (Heavy Duty) ယာဉ်(နံပါတ်အနက်/အနီ) (Truck စသည့်) | ၆၀၀၀ စီစီအထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီအထက် | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၇ | Tractor Head ယာဉ် (နံပါတ်အနက်/အနီ) | ၈၀၀၀ စီစီအထိ | ၂၀၀ | ၄၄ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီအထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၈ | Dump Truck ယာဉ် (နံပါတ် အနက်/အနီ) | ၆၀၀၀ စီစီအထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီအထက်မှ ၈၀၀၀ စီစီအထိ | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီအထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိအရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၉ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်)(Bus , Micro Bus, Mini Bus, City Bus စသည့်) | ၂၀၀၀ စီစီ အထိ | ၇၀ | ၁၅.၄ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီအထက်မှ ၃၀၀၀ စီစီအထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီနှင့် အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| | ပုဂ္ဂလိကခရီးသည်တင်(Bus) ယာဉ် (နံပါတ်အနီ) | Quota သတ်မှတ်ခြင်းမပြုဘဲ ထည့်သွင်းသည့်ပမာဏကိုသာ Scan ဖတ်၍ မှတ်သားပါမည်။ | | | - |
| ၁၀ | လူမှုကူညီရေးယာဉ် လူနာတင်ယာဉ်/ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်/ ရေပုတ်စုပ်ယာဉ် စသည့်ယာဉ်များ | အဆိုပါယာဉ်များကို Quota သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ | | | - |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နွေရာသီအားကစားသင်တန်းနှင့် နွေရာသီကြက်ခြေနီသင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်



**မန္တလေး မတ် ၂၆**

နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်များ အချိန်ကို တန်ဖိုးရှိစွာအသုံးချ၍ ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်၊ အရည်အချင်း မြင့်မားပြီး အတွေးအခေါ်မှန်ကန်၍ ဗလငါးတန်နှင့် ပြည့်စုံကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်များပေါ်ထွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နွေရာသီသင်တန်းများကို အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်ပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် နွေရာသီအားကစားသင်တန်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင် နွေရာသီကြက်ခြေနီသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။





အဆိုပါ သင်တန်းဖွင့်ပွဲများ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေသည့်အပြင် စိတ်ဓာတ်ကိုလည်းခိုင်မာစေပြီး အကျင့်စာရိတ္တကောင်းမွန်မှု၊ စည်းကမ်းရှိမှု၊ စိတ်ရှည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှုတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နားလည်တတ်ကျွမ်းမှုများကိုအခြေခံပြီး ထိရောက်စွာ အသုံးချနိုင်ရန် စိတ်အားထက်သန်စွာဖြင့် လေ့ကျင့်သင်ကြားသွားကြစေလိုကြောင်း စသည်ဖြင့် အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းကို ဧပြီလ ၅ ရက်နေ့အထိ ဖွင့်လှစ်၍ အားကစားနည်း(၃)မျိုးသင်ကြားပေးသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၀ ဦး၊ နွေရာသီကြက်ခြေနီသင်တန်းကို ဧပြီလ ၇ ရက်နေ့အထိ ဖွင့်လှစ်၍ အခြေခံရှေးဦးပြုစုခြင်းနှင့် ကြက်ခြေနီအကြောင်းသိကောင်းစရာများကို ပို့ချပေးသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၀၀ ဦး တက်ရောက်လျက်ရှိကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





## ပြင်ဦးလွင်မြို့၌ မက္ကဒေးမီးယားစိုက်ပျိုးပြုစုထိန်းသိမ်းခြင်း နည်းပညာပေးသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် မတ် ၂၆**

နိုင်ငံခြားဝင်ငွေရရှိနိုင်သော မက္ကဒေးမီးယားသီးနှံပင်အား အသီးအရည်အသွေးနှင့်အထွက်နှုန်းကောင်းသော ကိုင်းဆက်မျိုးကောင်းပင်များ ပြောင်းလဲစိုက်ပျိုးလာစေရန်နှင့် စိုက်ခင်းစတင်တည်ထောင်ချိန်မှစ၍ စိုက်ခင်းတွင် ပြုစုထိန်းသိမ်းခြင်းနည်းပညာများကို တောင်သူများ ကိုယ်တိုင်ပျိုးထောင်လုပ်ကိုင်ဆောင်ရွက်လာနိုင်ကြစေရန်နှင့် မက္ကဒေးမီးယားအသီးအား တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်ရောင်းချနိုင်ခြင်းကို ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(နောင်ချို)တို့ ပူးပေါင်းဖွင့်လှစ်သော မက္ကဒေးမီးယား စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း နည်းပညာပေးသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ပြင်ဦးလွင်မြို့နယ်၊ မြန်မာ-ခါနန် တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်း၊ ဒိုးကွင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးကိုယ်စား ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာထွန်းက သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား နောင်ချိုမြို့နယ်၊ မက္ကဒေးမီးယားခြံရှင် ဦးဝင်းဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် သင်တန်းပြီးမြောက်အောင်မြင်သည့် သင်တန်းသား ၁၇ ဦး အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြင့်ခဲ့သည်။

အဆိုပါသင်တန်းအား မတ် ၂၃ ရက်မှ မတ် ၂၅ ရက်အထိ သုံးရက်ကြာ ကာလတိုသင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂၆**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှတာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင်ဘောလုံးအားကစားသမားများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၆ ခုနှစ်၊ မေလ ၁၉ ရက်မှ ဇွန်လ ၃ ရက်အထိ နေပြည်တော်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းမှ အောင်မြင်မှုရရှိစေရန်နှင့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပါကြောင်း ပြောကြားပြီးနောက် ၂၀၂၆ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် အခမ်းအနားအစီအစဉ်တိုင်း ဆက်လက်ကျင်းပခဲ့ပြီး မလှိုင်မြို့နယ်အသင်းနှင့် ကျောက်ပန်းတောင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## ကျွန်တော်နှင့် ဘူမိဥယျာဉ် (Geopark) အပိုင်း(၂)

**DE ဦးသန်းမြင့်ရေ …**

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ သဘာဝထိန်းသိမ်းရေးနယ်မြေတွေ (၆)ခုခန့်ရှိပါတယ် ခင်ဗျာ။ သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်မှာ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှိပါတယ်။ သပိတ်ကျင်းမြို့နယ်မှာ လင်းနို့ဂူတောင်ဘူမိရုပ်သွင် ထူးခြားသည့်နယ်မြေ ရှိပါတယ် ခင်ဗျာ။ ပြင်ဦးလွင်မြို့နယ်မှာ ပြင်ဦးလွင်သားငှက်ဘေးမဲ့တော ရှိပါတယ် ခင်ဗျာ။ နွားထိုးကြီးမြို့နယ်မှာ မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှိပါတယ်။ ကျောက်ပန်းတောင်းမြို့နယ်မှာတော့ ပုပ္ပါးတောင်ဘေးမဲ့တောဥယျာဉ် ရှိပါတယ်။ ညောင်ဦးမြို့နယ်မှာ လောကနန္ဒာဘေးမဲ့ဥယျာဉ်ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ စုစုပေါင်း ဘေးမဲ့ဥယျာဉ်(၆)ခုအတွက် ဧရိယာပေါင်း (၈၆၉၁၁)ဧက ရှိပါတယ် ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ …**

ပထမဆောင်းပါးမှာတင်ပြသလို ဘူမိဥယျာဉ် (Geopark) တစ်ခုဖြစ်ပေါ်လာဖို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့က သူရဲ့ Criteria ဖြစ်တဲ့ သားရိုင်းတိရစ္ဆာန်ရဲ့ မျိုးဆက်တွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ကျောက်ဆောင်တွေ၊ ကျောက်တုံးတွေ၊ ရေတံခွန်တွေ၊ ဂူတွေ စတဲ့ Criteria တွေ လိုအပ်မှာဖြစ်တဲ့အကြောင်း တင်ပြခဲ့ပါတယ် ခင်ဗျာ။ ယခုအခါမှာတော့ ကျွန်တော်တို့က ဘူမိနယ်မြေ National Geopark အဖြစ် တင်ပြတဲ့နေရာတွေမှာ Geosites(၁၅)နေရာ တင်ပြခဲ့ပါတယ်ခင်ဗျာ။ နံပါတ်(၁)အနေနဲ့ ပုပ္ပါးတောင်မကြီးရဲ့ထိပ်နေရာကို တင်ပြခဲ့ပါတယ် ခင်ဗျာ။ ပုပ္ပါးတောင်မကြီးမှာ မှန်ပြတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၉၈၁)ပေ မြင့်မားပါတယ်။ စပါးပုံတောင်ကတော့ ပင်လယ်ရေမျက်နှာပြင်အထက် (၄၈၀၁)ပေ မြင့်မားပြီးတော့ ဆေးမွှန်တောင်ကတော့ ပင်လယ်ရေမျက်နှာပြင်အထက် (၄၅၀၁)ပေ မြင့်မားပါတယ် ခင်ဗျာ။ မှန်ပြတောင်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် (၄၉၈၁)ပေ မြင့်ပြီးတော့ အဲဒီမှာ မှန်ပြတောင်က အမြင့်မားဆုံးဖြစ်တယ်လို့ တင်ပြထားပါတယ်ခင်ဗျာ။ တောင်ထိပ်(၃)ခုက ဖိုခနောက်(၃)ခုဆိုင်တဲ့ ပုံစံမျိုးရှိတယ်ဆိုပြီးတော့လည်း မှတ်သားသိရှိရပါတယ်။ နောက် စပါးပုံတောင်၊ ဆေးမွှန်တောင်၊ မှန်ပြတောင် စသည့်ဖြင့် (၃)ခုရှိတယ်လို့ သိရှိရပါတယ် ခင်ဗျာ။ စပါးပုံတောင်မှ မှန်ပြတောင်သို့ သွားရာ လမ်းတစ်လျှောက်မှာဆိုရင်တော့ လွှာထပ်အနေအထားများဖြင့် တွေ့ရှိရတဲ့ ချော်ခဲကျောက်လွှာ (Agglomerate) များ၊ ဗဆော့ (Basalt)များ ကျောက်အပိုင်းအစများ ပါဝင်နေကြောင်း တွေ့ရှိရပါတယ်။ မှန်ပြတောင်ထိပ်ရှိတဲ့ မြင့်မြတ်ထူးစေတီအနီးမှာတော့ မာကျောကျစ်လျစ်ပြီး ပန်းရောင်သန်းတဲ့ မီးခိုးရောင်ချော်မှုန့်ကျောက်များကို တွေ့ရှိနိုင်ပါတယ်။ ပုပ္ပါးတောင်မကြီးထိပ်မှ ကြည့်လို့ရှိရင် မီးတောင်ထိပ်ဝနှင့် ကြက်မောက်တောင်ဆည်တို့ကို လှမ်းမြင်တွေ့နိုင်ပါတယ်။ ပုပ္ပားတောင်မကြီးထိပ်ဟာ မြောက်ဘက်ကို ပွင့်ထွက်သွားတာကို တွေ့ရပါတယ်။

ဘူမိဗေဒနယ်မြေကိုတော့ (အရှေ့လောင်ဂျီတွဒ် ၉၅° ၁၅' ၁၃" နှင့် မြောက်လတ္တီတွဒ် ၂၀° ၅၅' ၁၃") တို့ကို ပြထားပါတယ် ခင်ဗျာ။ ဒီတင်ပြပါနယ်မြေကတော့ Geosites နံပါတ်(၁) ဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်တော်တို့က Geosites (၁၅)ခုကို ဖွဲ့စည်းပြီးတော့ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီ Geosites (၁၅)ခုဟာ ဆိုလို့ရှိရင် လည်း ပုပ္ပါးတောင်တစ်ဝိုက်မှာပဲ တည်ရှိနေပြီးတော့ Geosites(၁၅)ခုစလုံးကို လေ့လာမယ်ဆိုလို့ရှိရင်တော့ (၂)ညအိပ် (၃)ရက်ခန့်ကြာမြင့်နိုင်ပါတယ်။ ဒီ Geosites တွေ အကုန်လုံးဟာ ကျွန်တော်တို့ရဲ့ ကားနဲ့ သွားလို့ရတဲ့ လမ်းမကြီးရဲ့နံဘေးမှာဆိုလို့ရှိရင် (၆)ခုခန့်ပဲ ရှိပြီးတော့ ကျန်တဲ့နေရာတွေကတော့ လမ်းမကြီးကနေ ခွဲထွက်ဝင်ရတဲ့ နေရာတွေမှာလည်း ရှိပါတယ်။ နောက်ဆိုရင်တော့ Geosites တွေ အကုန်လုံးကို သွားလာရေးလွယ်ကူအောင် ဆောင်ရွက်ပေးလို့ရှိရင် ခရီးသွားလုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမယ်။ ဒေသခံတွေကလည်း ခရီးသွားလုပ်ငန်းတွေကို မှီခိုပြီးတော့ စားသောက်ဆိုင်လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာမယ်။ ပြီးတော့ ဒေသခံလုပ်သားပြည်သူတွေကလည်း Tourist guide လုပ်ငန်းတွေ ပိုပြီးတော့ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ် ခင်ဗျာ။ လောလောဆယ်တော့ Geosites (၁၅)ခု ကို တင်ပြပြီးတော့ National Geopark ဖြစ် တင်ပြခဲ့တာဖြစ်ပါတယ်။ နောက်ထပ် ဒီပုပ္ပါးတောင်မှာလည်း နောက်ထပ်နေရာအသစ် (၁၄)ခုခန့် ထပ်မံပြီးတော့ အဆိုပြုတင်ပြဦးမယ်လို့ သိထားရပါတယ် ခင်ဗျာ။ ဒီလိုပဲ ပုပ္ပါးတောင်ကြီးကို Geosites တို့လိုပဲ ပထမနေ့ ဆောင်းပါးမှာ တင်ပြတဲ့ အတိုင်းပဲ လှိုင်ကော်ဒေသမှာ၊ ဘားအံဒေသမှာ၊ နောက်တစ်ခါ မော်လမြိုင်ဒေသမှာ ဒီလို Geopark တွေကို တင်ပြလို့ရပါမယ်ဆိုတဲ့အကြောင်းလည်း တင်ပြအပ်ပါတယ် ခင်ဗျာ။ ဒီလို Geosites တွေ တင်ပြဖို့အတွက် ကျွန်တော်တို့က ပြည်ထောင်စု သယံဇာတဝန်ကြီးဌာနအောက်မှာရှိတဲ့ ညွှန်မှူးတွေက ကျွန်တော်တို့ သစ်တောဦးစီးဌာန ညွှန်မှူးတို့၊ ဘူမိဗေဒညွှန်မှူးတို့၊ သတ္တုတွင်း ညွှန်မှူးတို့ကနေပြီးတော့ ဒီအချက်အလက် data တွေကို စုဆောင်းပြီးတော့ မိမိတို့ အရပ်ဒေသမှာရှိတဲ့ မိခင် သဘာဝကြီးက ပေးအပ်ထားတဲ့ အမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက် ဖို့အတွက် Local Geopark တွေ၊ National Geopark တွေအဖြစ် အဆင့်မြှင့်ဖော်ထုတ်ကြဖို့အတွက် တိုက်တွန်းရင်းနဲ့ ဒီဆောင်းပါးလေးကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျာ။

**ဓမ္မဇင်**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ရွှေဖရုံသီး

ရွှေဖရုံသီးဟာ ကျန်းမာရေးအတွက် အလွန်အားကိုးရတဲ့ အသီးအနှံတစ်မျိုးဖြစ်ပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေနဲ့ ဗီတာမင်တွေ ကြွယ်ဝစွာ ပါဝင်ပါတယ်။ ရွှေဖရုံသီးရဲ့ ကောင်းကျိုး၊ ဆိုးကျိုးနဲ့ သတိပြုရမယ့်အချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ ကျန်းမာရေးအတွက် ကောင်းကျိုးများ**

**အမြင်အာရုံကောင်းမွန်စေခြင်း**

ရွှေဖရုံသီးမှာ ဗီတာမင်အေ(Beta-carotene) ကြွယ်ဝစွာပါဝင်သောကြောင့် မျက်စိအားကောင်းစေပြီး အသက်ကြီးလာတဲ့အခါ ဖြစ်တတ်တဲ့ အမြင်အာရုံချို့ယွင်းမှုကို ကာကွယ်ပေးပါတယ်။

**ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်း**

ဗီတာမင်စီ၊ အီးနဲ့ သံဓာတ်တို့ပါဝင်သောကြောင့် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားကို ကောင်းမွန်စေပြီး ရောဂါပိုးမွှားတွေကို တိုက်ဖျက်နိုင်စွမ်း တိုးတက်စေပါတယ်။

**နှလုံးကျန်းမာစေခြင်း**

ပိုတက်စီယမ်နဲ့ အမျှင်ဓာတ် ပါဝင်မှုများသောကြောင့် သွေးတိုးကျစေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

**အသားအရေလှပစေခြင်း**

Beta-carotene ဟာ အရေပြားကို နေရောင်ခြည်ဒဏ်ကနေ ကာကွယ်ပေးသလို ဆဲလ်အသစ်ဖြစ်ပေါ်မှုကို အထောက်အကူပြုလို့ အသားအရေကို ကြည်လင်စေပါတယ်။

**ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း**

ကယ်လိုရီပါဝင်မှုနည်းပြီး အမျှင်ဓာတ်များတဲ့အတွက် စားပြီးရင် ဗိုက်ပြည့်တာ ကြာစေလို့ ဝိတ်ချလိုသူတွေအတွက် သင့်တော်ပါတယ်။

**၂။ မည်သည့်ရောဂါများနဲ့ ဓာတ်မတည့်သလဲ**

ရွှေဖရုံသီးဟာ လူတိုင်းနီးပါးအတွက် ဘေးကင်းပေမယ့် အောက်ပါအခြေအနေရှိသူတွေအတွက်တော့ သတိထားဖို့လိုပါတယ်။

**ဆီးဆေးသောက်နေရသူများ**

ရွှေဖရုံသီးမှာ ရေဓာတ်ထုတ်ပေးတဲ့ အာနိသင် (Natural Diuretic) ပါဝင်ပါတယ်။ Lithium ကဲ့သို့သော ဆေးဝါးများသောက်နေရသူတွေအနေနဲ့ ခန္ဓာကိုယ်ထဲက ဆေးဓာတ်တွေကို မြန်မြန်ဆန်ဆန် စွန့်ထုတ်လိုက်သလိုဖြစ်နိုင်လို့ ဆရာဝန်နဲ့ တိုင်ပင်သင့်ပါတယ်။

**ဓာတ်မတည့်ခြင်း**

အချို့သောသူတွေမှာ ရွှေဖရုံသီးနဲ့ ဓာတ်မတည့်တဲ့ လက္ခဏာ(ဥပမာ-ယားယံခြင်း၊ အင်ပြင်ထွက်ခြင်း)ဖြစ်တတ်ပါတယ်။

**ကျောက်ကပ်ရောဂါ အသည်းအသန်ခံစား နေရသူများ**

ရွှေဖရုံသီးမှာ ပိုတက်စီယမ် မြင့်မားစွာပါဝင်ပါတယ်။ ကျောက်ကပ်မကောင်းတဲ့သူတွေဟာ ခန္ဓာကိုယ်ထဲက ပိုတက်စီယမ်ကို ကောင်းကောင်း မစွန့်ထုတ်နိုင်တဲ့အတွက် အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်သင့်ပါတယ်။

**၃။ ဆိုးကျိုးများ**

**အသားဝါခြင်း**

ရွှေဖရုံသီးကို အလွန်အကျွံ(နေ့တိုင်းလိုလို အများကြီးစားရင်) Beta-carotene ဓာတ်များသွားပြီး လက်ဖဝါး၊ ခြေဖဝါးနဲ့ အသားအရေတွေ ဝါလာတတ်ပါတယ်။ ဒါဟာ အန္တရာယ်မရှိဘဲ စားတာလျှော့လိုက်ရင် ပြန်ပျောက်သွားတတ်ပါတယ်။

**အစာခြေစနစ်ပြဿနာ**

အမျှင်ဓာတ် အလွန်များတဲ့အတွက် တစ်ခါတည်းနဲ့ အများကြီးစားမိရင် ဗိုက်ပွတာ၊ လေပွတာ (သို့မဟုတ်) ဝမ်းပျော့တာမျိုး ဖြစ်နိုင်ပါတယ်။

**အကြံပြုချက်**

ရွှေဖရုံသီးကို ချက်ပြုတ်စားနိုင်သလို အစေ့ကိုလည်း လှော်စားနိုင်ပါတယ်။ ရွှေဖရုံစေ့ဟာ အမျိုးသားတွေအတွက် ဆီးကျိတ်ကျန်းမာရေးကို အထူးအထောက်အကူပြုပါတယ်။ ဘယ်အရာမဆို "တန်ဆေး လွန်ဘေး" ဖြစ်တဲ့အတွက် သင့်တင့်မျှတစွာ စားသုံးသင့်ပါတယ်။



## သရက်သီး

သရက်သီးမှာ ဗီတာမင်စီ များစွာပါဝင်လို့ ခန္ဓာကိုယ်ခုခံမှုစွမ်းအားကို မြင့်တက်စေပြီး ခန္ဓာကိုယ်မှ သံဓာတ်စုပ်ယူမှုကောင်းစေရန်နဲ့ ဆဲလ်တွေ ပြုပြင်မှုနဲ့ ကြီးထွားမှုကို အကူအညီပေးပါတယ်။

ခန္ဓာကိုယ်ကျန်းမာရေးကို ကောင်းစေတဲ့ Polyphenols တွေ ပါဝင်ပါတယ်။ Mangiferin, Catechins, Anthocyanins, Gallic Acid, Kaempferol, Rhamnetin, Benzoic Acid စတဲ့ အင်န်တီအောက်ဆီးဒင့်များက သရက်သီးရဲ့အသားထဲမှာ၊ အခွံထဲမှာနဲ့ အစေ့ခွံတွေထဲမှာ များစွာပါဝင်နေပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) အကူအညီမရရှိပါက ဓာတ်တိုးခြင်းများ ဖြစ်ပေါ်ကာ အသက်အရွယ်ကြီးရင့်ခြင်းနဲ့ နာတာရှည်ရောဂါတွေ ဖြစ်နိုင်ပါတယ်။

Mangiferin က ဆီးချိုရောဂါ၊ ကင်ဆာရောဂါနဲ့ အခြားဖျားနာခြင်းရောဂါတွေကို ကာကွယ်ကုသနိုင်ပါတယ်။ ခန္ဓာကိုယ်ခုခံနိုင်စွမ်းအား တိုးတက်စေတဲ့ ဗီတာမင်အေ ပါဝင်ပါတယ်။

ဗီတာမင်စီ ပါဝင်နေတာကလည်း ရောဂါပိုးများကို တိုက်ဖျက်ပေးနိုင်တဲ့ သွေးဖြူဥများကို ခန္ဓာကိုယ်မှ ထုတ်လုပ်ပေးရာမှာ ကူညီပေးပါတယ်။ အရေပြားကို ကြည်လင်သန့်စင်စေရန်လည်း ကူညီပေးပါတယ်။

သရက်သီးမှာ ကော့ပါး၊ ဖောလိတ်၊ ဗီတာမင်အီး၊ ကေနဲ့ ဗီတာမင်ဘီမျိုးစုံလည်း ပါဝင်ပါတယ်။ နှလုံးကျန်းမာရေးကောင်းစေရန်လည်း အထောက်အကူပေးပါတယ်။ မဂ္ဂနီစီယမ်နဲ့ ပိုတက်စီယမ် ပါဝင်နေတာကလည်း သွေးစီးဆင်းလည်ပတ်မှုကို ကောင်းစေပါတယ်။

Mangiferin ကလည်း နှလုံးကျန်းမာရေးကို ကောင်းစေပါတယ်။ နှလုံးမှ ဆဲလ်များရောင်ခြင်း၊ ဓာတ်တိုးခြင်း၊ ပျက်စီးခြင်းတို့မဖြစ်ရန် ကာကွယ်ပေးပါတယ်။ သွေးထဲမှ Cholesterol, Triglycerides နဲ့ ဖက်တီးအက်စစ်များကိုလည်း လျော့နည်းစေပါတယ်။

အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေပါတယ်။ အစာခြေ Enzyme Amylase ပါဝင်နေတဲ့အတွက် ကာဗိုဟိုက်ဒရိတ်ကို ဂလူးကို့စ်နဲ့ Maltose အဖြစ် ချေဖျက်ပေးနိုင်ပါတယ်။

Amylase Enzyme က သရက်သီးမှည့်မှာ သရက်သီးစိမ်းထက် ပိုပြီးအာနိသင်တွေ့ရလို့ (Active) အမှည့်မှာ ပိုချိုနေပါတယ်။

မျက်လုံးကျန်းမာရေးအတွက် အထောက်အကူပေးတဲ့ Lutein နဲ့ Zeaxanthin Anti-oxidant နှစ်မျိုးနဲ့ ဗီတာမင်အေလည်း ပါဝင်ပါတယ်။

သရက်သီးရဲ့ Polyphenols အုပ်စုမှာ အဓိကပါဝင်နေတဲ့ Mangiferin က ကင်ဆာဆဲလ်တွေ ကြီးထွားတာကို ဟန့်တားနိုင်ပါတယ်။ ဖျက်ဆီးနိုင်ပါတယ်။

စားတဲ့အခါမှာလည်း တစ်ချိန်တည်း တစ်ခါတည်း အများကြီးမစားဘဲ နည်းနည်းစီ အချိန်ခြားပြီးစားပါက ကျန်းမာရေးအတွက် ကောင်းပါတယ်။

သရက်သီးက အခြားသစ်သီးများထက် အချိုဓာတ်ပါဝင်တာများလို့ အသင့်အတင့်သာ စားသုံးသင့်ပါတယ်။



## ပဲမြစ်

ဆီးချိုသမားတွေအတွက် ပဲမြစ်ရဲ့ အကျိုးကျေးဇူးနဲ့ သတိထားရမယ့် အချက်တွေကို အကျဉ်းချုပ်ဖော်ပြပေးလိုက်ပါတယ်။

**၁။ အကျိုးကျေးဇူးများ**

ပဲမြစ်မှာ အမျှင်ဓာတ်(Fiber) ကြွယ်ဝစွာ ပါဝင်ပါတယ်။ အမျှင်ဓာတ်ဟာ သကြားဓာတ် စုပ်ယူမှုကို နှေးကွေးစေပြီး အစာစားပြီးနောက် သွေးတွင်းသကြားဓာတ် ရုတ်တရက် မြင့်တက်မသွားအောင် ကာကွယ်ပေးပါတယ်။

**Glycemic Index(GI) နိမ့်ခြင်း**

ပဲမြစ်ဟာ သွေးတွင်းသကြားဓာတ်ကို တက်စေတဲ့နှုန်း နှေးကွေးတဲ့ အစားအစာအုပ်စုထဲမှာ ပါဝင်ပါတယ်။

**ပရိုတင်းဓာတ်ပါဝင်ခြင်း**

တခြားဥမြစ်တွေနဲ့ယှဉ်ရင် ပဲမြစ်မှာ ပရိုတင်းဓာတ် ပိုမိုပါဝင်လို့ ခန္ဓာကိုယ်အတွက် အင်အားရစေပြီး ဗိုက်ဆာမှုကိုလည်း ထိန်းပေးနိုင်ပါတယ်။

**ကယ်လိုရီနည်းခြင်း**

ကိုယ်အလေးချိန်ထိန်းဖို့ လိုအပ်တဲ့ ဆီးချိုသမားတွေအတွက် သင့်တော်ပါတယ်။

**၂။ စားသုံးရာတွင် သတိထားရန်**

ပဲမြစ်ကို အစိမ်းလိုက်ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ စားသုံးနိုင်ပါတယ်။ ဒါပေမဲ့ ဆီပြန်ဟင်းအဖြစ် ချက်စားတာ (သို့မဟုတ်) အချိုကဲတဲ့ အဖျော်ယမကာတွေနဲ့ တွဲစားတာမျိုးကိုတော့ ရှောင်ကြဉ်သင့်ပါတယ်။

ဘယ်လောက်ပဲ ကောင်းတယ်ဆိုဆို "တန်ဆေး လွန်ဘေး" ပါ။ တစ်နပ်စာမှာ သင့်တင့်ရုံသာ ထည့်သွင်းစားသုံးသင့်ပါတယ်။

**၃။ ဘေးထွက်ဆိုးကျိုးအနည်းငယ်**

ပဲမြစ်မှာ Oxalates ဓာတ် အနည်းငယ် ပါဝင်နိုင်တဲ့အတွက် ကျောက်ကပ်မှာ ကျောက်တည်ဖူးသူ (သို့မဟုတ်) ကျောက်ကပ်ဝေဒနာရှိသူတွေအနေနဲ့ အလွန်အကျွံစားသုံးခြင်းကို သတိပြုသင့်ပါတယ်။

**အကြံပြုချက်**

ပဲမြစ်ကို သုပ်စားတဲ့အခါ ဆီနည်းနည်း၊ မြေပဲဆန်၊ ကြက်သွန်နီတို့နဲ့ သုပ်စားတာက အရသာရှိသလို ကျန်းမာရေးနဲ့လည်း ပိုပြီးညီညွတ်ပါတယ်။



## ထောပတ်သီး

ထောပတ်သီးမှာ ခန္ဓာကိုယ်ကို အကျိုးပြုစေတဲ့ ကယ်လိုရီ၊ အမျှင်ဓာတ်၊ သကြားဓာတ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင်အေ၊ အီး၊ ကေ၊ ဗီတာမင် B6၊ ဗီတာမင် B5၊ ဇင့်၊ သံဓာတ်၊ ဖိုလိတ်ဓာတ်နဲ့ ဖက်တီးအက်စစ်တို့ ပါဝင်ပါတယ်။ ထောပတ်သီးမှာ ကိုလက်စထရောလုံးဝပါဝင်ခြင်းမရှိဘဲ အဆီပါဝင်မှုလည်း အလွန်ကို နည်းပါးပါတယ်။

ထို့အပြင် ထောပတ်သီးမှာ ပိုတက်စီယမ်ဓာတ် ရာခိုင်နှုန်းများစွာ ပါဝင်သောကြောင့် သွေးပေါင်တက်မှုကို ထိန်းညှိပေးနိုင်ပြီး နှလုံးရောဂါဖြစ်ပွားခြင်း၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ပွားခြင်းတို့ကို ဟန့်တားပေးနိုင်ပါတယ်။

ထောပတ်သီးကို စားသုံးခြင်းရဲ့ နောက်ထပ်ကောင်းကျိုးတစ်ခုကတော့ နှလုံးရောဂါဖြစ်ပွားမှု၊ ကင်ဆာရောဂါဖြစ်ပွားမှုတွေကို ကာကွယ်ပေးနိုင်တဲ့ အိုလစ်အက်စစ်ပါဝင်သောကြောင့် ဖြစ်ပါတယ်။ ထို့အပြင် ထောပတ်သီးမှာ အမျှင်ဓာတ်ပါဝင်သောကြောင့် အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာရောဂါတွေကို ကာကွယ်ပေးနိုင်ပါတယ်။

ထောပတ်သီးကို နေ့စဉ်စားသုံးပေးမယ်ဆိုရင် ခန္ဓာကိုယ်အတွင်းမှာ ကိုလက်စထရောပါဝင်မှု၊ အဆီပါဝင်မှုတွေကို လျှော့ချပေးသွားမှာဖြစ်တဲ့အပြင် ခန္ဓာကိုယ်ကို အဆီကျလှပစေမှာ ဖြစ်ပါတယ်။ ထောပတ်သီးမှာ အင်န်တီအောက်ဆီးဒင့်များစွာ ပါဝင်တဲ့အပြင် လူတင်း၊ Zeaxanthin တို့ ပါဝင်သောကြောင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေပါတယ်။ လေ့လာတွေ့ရှိချက်တွေအရ ထောပတ်သီးကို ပုံမှန်စားသုံးခြင်းဖြင့် အတွင်းတိမ်ဖြစ်ခြင်း၊ အမြင်အာရုံဝေဝါးခြင်းတို့ကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ထောပတ်သီးမှာ ပါဝင်တဲ့ အာဟာရဓာတ်တွေကြောင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်မှာဖြစ်သလို ကင်ဆာရောဂါဖြစ်ပွားတဲ့အခါတွေမှာ ကုသရလေ့ရှိတဲ့ ဓာတုဗေဒကုထုံးတွေကြောင့် ခံစားရတဲ့ ဘေးထွက်ဆိုးကျိုးတွေကိုလည်း သက်သာပျောက်ကင်းစေမှာ ဖြစ်ပါတယ်။ ထို့အပြင် ထောပတ်သီးကို ပုံမှန်စားသုံးခြင်းဖြင့် အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

**သတိပြုရန်**

ထောပတ်သီးမှာ ကယ်လိုရီပါဝင်မှုရာခိုင်နှုန်းများသောကြောင့် အဆမတန်စားမယ်ဆိုရင်တော့ အဝလွန်လာနိုင်ပါတယ်။ သင့်မှာ Latex(ရာဘာစေး) Allergies ရှိတယ်ဆိုရင်တော့ ထောပတ်သီးကို စားသုံးခြင်းကြောင့် မလိုလားအပ်တဲ့ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား - Tik Tok**

# စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေးဆင့်ပွားဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အခြေခံပညာကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး(မြို့နယ်အဆင့်)ဆင့်ပွား ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ ကံ့ကော်ခန်းမဆောင်၌ ကျင်းပရာ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းနန္ဒီက ကျောင်းသား၊ ကျောင်းသူများ စိတ်ဖိစီးမှု၊ စိတ်သောကနှင့် စိတ်ဒဏ်ရာတစ်ခုခု ကြုံတွေ့ခံစားရတဲ့ အချိန်တွေမှာ ဖြေရှင်းကျော်လွှားနိုင်ဖို့၊ လိုအပ် တဲ့ စွမ်းရည်တွေဖွံ့ဖြိုးစေဖို့ ကြိုတင်ပြင်ဆင် လေ့ကျင့်ပျိုးထောင်နိုင်ဖို့အတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး၊ အထောက်အပံ့ပေးရေး ဆွေးနွေးပွဲကို အကောင်အထည် ဖော်ရခြင်းဖြစ်ပြီး ယခုသင်တန်းမှာ ပို့ချလိုက်တဲ့ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးဆိုင်ရာ ဆွေးနွေးချက်တွေကို မိမိတို့ကျောင်းတစ်ကျောင်းလုံးနှင့် သက်ဆိုင်သည့် ပုံမှန်လုပ်ငန်းတစ်ခုအဖြစ် စနစ်တကျနှင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ဖို့ မှာကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်မှုကို ဘေးကင်းလုံခြုံပြီး မြှင့်တင်ပေးရင်း ကာကွယ်စောင့်ရှောက်မှုပေးသည့် ဝန်းကျင်တစ်ခုကို ထူထောင်နိုင်ဖို့ ကိုလည်းရည်ရွယ်ပြီး ယခု ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။



အဆိုပါ သင်တန်းတွင် ကျန်းမာပျော်ရွှင်မှု၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ဖိစီးမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကနဦးကူညီစောင့်ရှောက်မှု(PFA)မိတ်ဆက်၊ စိတ်ပိုင်းဆိုင်ရာ ကနဦးကူညီစောင့်ရှောက်မှု (PFA) ကို ပံ့ပိုးလုပ်ဆောင်ခြင်း၊ သက်ဆိုင်ရာသို့ ညွှန်းပို့ပေးခြင်းနှင့် လမ်းကြောင်းများ၊ PFA ပံ့ပိုးပေးသူတစ်ဦး၏ အရည်အချင်းများ၊ PFA လက်တွေ့လုပ်ဆောင်ခြင်းနှင့် PSS လုပ်ငန်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းစသည့် ဘာသာရပ်များကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ သင်တန်းကာလ သုံးရက်ကြာ သင်တန်းနည်းပြဆရာများက နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပို့ချမည်ဖြစ်ရာ သင်တန်းသား ၁၉၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

(အပေါ်ဝဲပုံ)

ခရိုင်(ပြန်/ဆက်)

* – * – * – *

* – * – * – * – * – *

# ကျောင်းထိုင်ဘုန်းကြီးသင်တန်း အမှတ်စဉ်(၂၀)ဖွင့်လှစ်မည် သင်တန်းသား သံဃာတော်များ လျှောက်ထားနိုင်

**မန္တလေး မတ် ၂၆**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် သင်တန်းအမှတ်စဉ်(၂၀)၊ (၂)နှစ်သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါ သင်တန်းသို့ တက်ရောက်သင်ကြားလိုသော သံဃာတော်များ ဝင်ခွင့်လျှောက်လွှာဖြည့်၍ တက်ရောက် သင်ကြားနိုင်သည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၁၂လမ်း၊ ၆၂လမ်းနှင့် ၆၄လမ်းကြားရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ဝင်ခွင့်လျှောက်လွှာများကို ထုတ်ယူ၍ သော်လည်းကောင်း၊Face Book စာမျက်နှာမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအကောင့်တွင် ဝင်ရောက်ကြည့်ရှု၍ ဝင်ခွင့်လျှောက်လွှာကို မိတ္တူကူးကာ အချက်အလက်များဖြည့်စွက်ပြီး လျှောက်ထားနိုင်သည်။

ဝင်ခွင့်လျှောက်လွှာများကို ၂၀၂၆ ခုနှစ် ဧပြီ ၃၀ရက် နောက်ဆုံးထား၍ အဆိုပါသင်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာတော် ရုံးခန်းသို့ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ (PNT)

# စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ယမန်နေ့ နံနက် ၉ နာရီခွဲက ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ပုံပြင်ပြောပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က လူငယ်လူရွယ်များ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်စေရန်၊ စာဖတ်သည့်အလေ့အကျင့် ရရှိစေရန်၊ နွေရာသီ အားလပ်ရက်များ၌ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ကြစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကို တက်ရောက်လာကြသည့် သားငယ်၊ သမီးငယ်များက မိမိတို့ ဖတ်ရှုလေ့လာထားသည့် ပုံပြင်ခေါင်းစဉ်များဖြင့် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဆုရရှိသူများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။



တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် အားလပ်သည့်အချိန်များတွင် ပုံပြင်ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို လစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

နောင်နောင်(မိဿနိုးမြေ)

ဗလငါးတန်

ဖွံ့ဖြိုးဖို့

စာအုပ်၊

စာပေ

လေ့လာစို့။


ဖတ်စရာ၊ မှတ်စရာ

စုံလင်

ပေဖူးလွှာ


## တိုင်းမြန်ပြည် ဇာနည်ဘွား

* သာကီနွယ် မြန်မာမျိုး

ဂုဏ်မညှိုး စေဖို့ရာ၊

တိုင်းနိုင်ငံ ကာကွယ်ရေး

ဦးစားပေးပါ။

တို့များ၏ စစ်တပ်မဟာ

တိုင်းပြည်ရန် ကာကွယ်ပေး၊

မျိုးမမှန် သစ္စာဖောက်

ပပျောက်စေရေး။

* တိုင်းနိုင်ငံ အေးချမ်းရေး

ခုမနေး ဆောင်ရွက်ရာ၊

ပေါင်းစုကာ တိုင်းရင်းသား

အင်အားဖြည့်ကာ။

တပ်တော်တွင်း ဝင်လို့သာ

တိုင်းနိုင်ငံ ကာကွယ်ထား၊

တိုင်းပြည်ကျိုးဆောင် တိုင်းရင်းသား

မျိုးချစ်သူများ။

* တိုင်းပြည်ကို ကွယ်ကာမိုး

ဇာနည်မျိုး သခင်တွေ

တိုင်းမြန်ပြေ(ပြည်) ပြည်သူ့အတွက်

သက်စွန့်ရဲပေ။

ဇွဲလုံ့လ မလျှော့လေ

တို့မြေသည် တို့အသက်၊

တစ်ပါးလက် မပါရေး

မြော်တွေးဆောင်ရွက်။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)



# နိုင်ငံ့ဂုဏ်ဖော် မြန်မာ့တပ်မတော်

**မန်းမြေမှ ပန်းသပြေ**

ယခုနှစ် မတ် ၂၇ရက်သည် ‘(၈၁)နှစ်မြောက် တပ်မတော်နေ့’ ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီးကို သူ့ကျွန်ဘဝမှလွတ်မြောက်ရန်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးတို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန်၊ တိုင်းတစ်ပါး ကိုလိုနီများ၏ ဩဇာအာဏာလွှမ်းမိုးမှု၊ မတရားအုပ်ချုပ်မှုတို့ကို တွန်းလှန်ဖယ်ထုတ်နိုင်ရန် မြန်မာ့တပ်မတော်ကို ဖွဲ့စည်းတည်ထောင်၍ တွန်းလှန်ခဲ့ကြသည်။ ထိုစတင်တွန်းလှန်ခဲ့သောနေ့ကို ‘တပ်မတော်နေ့’အဖြစ် ဂုဏ်ပြုအခမ်းတင်ကာ နှစ်စဉ်ကျင်းပလာခဲ့ကြသည်မှာ ၈၁ နှစ်ပင် ရှိခဲ့ချေပြီ။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း သူတို့၏နိုင်ငံနှင့်ပတ်သက်သည့် သမိုင်းဖြစ်စဉ် အထောက်အထားများ ရှိကြပေလိမ့်မည်။ ထို့အတူ ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့်ပတ်သက်သည့် နိုင်ငံရေး၊ ကာကွယ်ရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေးဆိုင်ရာ သမိုင်းအထောက်အထားများ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ သမိုင်းအထောက်အထားများနှင့် စာပေ၊ သဘင်၊ ဂီတ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်ရာ သမိုင်းအထောက်အထားများ ရှိပေသည်။ ထိုသည်အထဲ မြန်မာ့တပ်မတော်နေ့သည်လည်း ဂုဏ်ပြုအခမ်းတင်ထိုက်သည့် နေ့တစ်နေ့အဖြစ် ပါဝင်ပါသည်။

ရှေးခေတ်အခါ မြန်မာမင်းဘုရင်များသည်လည်း စစ်သည်ရဲမက်တော်များကို စနစ်တကျဖွဲ့စည်း၍ တိုင်းပြည်အင်အား တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခဲ့ကြသည်ဟု သမိုင်းအထောက်အထားများက ဆိုပါသည်။ အနော်ရထာ၊ ကျန်စစ် ပုဂံခေတ်မှ၊ ကေတုမတီ တောင်ငူ၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်မင်းအဆက်ဆက် ဦးအောင်ဇေယျလက်ထက်ထိ ချင့်တွက်သုံးသပ်ကြည့်လျှင် မြန်မာတို့၏စစ်သည် တပ်တော်များကို ကုန်းကြောင်းတစ်မျိုး ရေကြောင်းတစ်သွယ် ဖွဲ့စည်းခိုင်မာစေခဲ့သည်။ ကုန်းကြောင်းမှာဆို ခြေလျင်တပ်တွင်၊ မြင်းတပ်ဆင်၍၊ လှည်းယဉ်တပ်မဟာ၊ ဆင်တပ်ကာ၍၊ နောက်မှာခံထား၊ သေနင်္ဂဗျူဟာစွမ်းအား မြင့်မားခဲ့ကြသည်။ ရေကြောင်းမှာဆို လှေတပ်တော်သည်၊ လှော်ရေးတက်အား၊ စွမ်းပကားနှင့်စစ်ရေးပညာကျွမ်းကျင်စွာပဲ ရေထဲသခင် မိချောင်းသွင်သို့ လွင်လွင်လှုပ်ရှား စစ်ပညာစွမ်းအား မြင့်မားခဲ့ကြသည်။ ထိုသည်ပင် ရှေးယခင်က မြန်မာ့တပ်မတော်၏ ဖွဲ့စည်းပုံအစပင်ဖြစ်သည်။

ထိုကဲ့သို့ မြန်မာ့တပ်မတော်သည် အခြေခံကောင်းများဖြင့် ကျစ်လျစ်သိပ်သည်း၊ တောင့်တင်းခိုင်မာအောင် ဖွဲ့စည်းခဲ့ကြသည့်အပြင် ရဲစွမ်းသတ္တိပြည့်စုံကြ၍ တိုက်ရည်ခိုက်ရည်လည်း အစွမ်းထက်ကြသည်၊ စည်းလုံးညီညွတ်ကြသည်။ ထို့ကြောင့် မြန်မာတို့၏တိုင်းနိုင်ငံ ကျယ်ပြန့်စွာ ပိုင်ဆိုင်ခဲ့ကြသည်။ မြန်မာတို့၏ ဘုန်းလက်ရုံး၊ အာဏာထွန်းတောက်ခဲ့သည်။ မြန်မာတို့၏ ဘုန်းလက်ရုံးအာဏာနှင့် စည်းလုံးမှုအင်အားကို မယှဉ်နိုင်ကြသဖြင့် တခြားနိုင်ငံအသီးသီးက တလေးတစားအရေးထားကာ လေးစားခြင်းကို ခံခဲ့ကြရသည်။ မကျူးကျော်ရဲကြ။ ကျူးကျော်လာလျှင်လည်း စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်တွန်းလှန်ခဲ့ကြသည်။ ထိုသို့ ညီညွတ်မှုစွမ်းအား၊ ကာကွယ်ရေးအင်အားကို ကြောထောက်နောက်ခံပြုလျက် ပထမနိုင်ငံတော်၊ ဒုတိယနိုင်ငံတော်၊ တတိယနိုင်ငံတော်အဖြစ် သုံးကြိမ်တိုင်တိုင် စစ်သည်အင်အားဖြည့်တင်းကာ စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပေသည်။ ထိုသည်ပင်လျှင် မြန်မာ့တပ်မတော်၏ သမိုင်းအစဟု ခေါ်ဆိုရပေမည်။

‘ဖြစ်ခြင်းရှိက ပျက်ခြင်းရှိသည်’ဆိုသော နိယာမအရ ကုန်းဘောင်ခေတ်၏ နှောင်းကာလသို့ရောက်လာသောအခါ တိုင်းပြည်၏အဓိကဖြစ်သော ကာကွယ်ရေးစစ်အင်အား ချည့်နဲ့လာကာ စည်းလုံးမှုအင်အားလျော့ပါးကျဆင်းလာသည်။ သူ့လူ ငါ့လူ ဂိုဏ်းဂဏခွဲများပေါ်ပေါက်လာသည်။ ပိုမိုစိတ်ဝမ်းကွဲကာ တစ်ဦးနှင့်တစ်ဦး အားပြိုင်လာကြသည်။ ထို့ပြင် အခြားနိုင်ငံများက ခေတ်ကာလနှင့်လျော်ညီသော ခေတ်မီလက်နက်များ ပေါ်ပေါက်နေချိန်တွင် ခေတ်နှင့်ရင်ပေါင်မတန်းနိုင်ဘဲ အဘက်ဘက်မှ ခေတ်နောက်ကျကျန်ရစ်ခဲ့သည်။

ထို့ကြောင့်မြန်မာနိုင်ငံတော်ကို အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ်တွင် ပထမဦးစွာ ကျူးကျော်နယ်ချဲ့လာခဲ့သည်။ ထို့နောက် ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ် ကျူးကျော်ရန်စလာပြန်ပါသည်။ ထိုသို့ နှစ်ကြိမ်တိုင်တိုင် ကျူးကျော်ရန်စခြင်းကို သည်းခံလိုက်လျှောသည့် မြန်မာတို့၏အပေါ် အခွင့်ကောင်းယူကာ ၁၈၈၅ ခုနှစ် သီပေါမင်းလက်ထက်တွင် မတရားကျူးကျော်စစ်ပွဲဆင်နွှဲကာ မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ကျွန်ပြုခဲ့ကြသည်။ ထို့ပြင် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့၏လက်အောက် ကျရောက်သွားကြောင်း ကမ္ဘာကိုကြေညာလိုက်သည်မှစ၍ မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝသို့ ရောက်ရှိသွားခဲ့သည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ရှိသွားသော်လည်း တောင်ပေါ်မြေပြန့်မကျန် မျိုးချစ်စိတ်ရှိသူများသည် သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဖြင့် ရရာလက်နက်ဆွဲကိုင်ကာ နေရာအနှံ့ တော်လှန်ခဲ့ကြသည်။ သို့သော် စုစည်းမှုမရှိဘဲ နေရာဒေသအနှံ့အပြားတွင် တော်လှန်ခြင်း၊ စစ်သည်အင်အားမလုံလောက်ခြင်း၊ စည်းလုံးညီညွတ်မှုစွမ်းအား မခိုင်မာခြင်း၊ ခေတ်မီလက်နက်အင်အား ကွာခြားခြင်းတို့ကြောင့် ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ နယ်ချဲ့ကိုလိုနီတို့ကလည်း မြန်မာတိုင်းရင်းသားများ သွေးစည်းညီညွတ်မည်ကို မလိုလားသဖြင့် တောင်ပေါ်နှင့်မြေပြန့်ကို သွေးခွဲအုပ်ချုပ်သော နည်းစနစ်အသုံးပြုခဲ့သည်။ မျိုးချစ်စိတ်များ နာလန်မထူအောင် အမျိုးမျိုးဖိနှိပ်အုပ်ချုပ်ခဲ့သည်။ ပညာမဲ့များပေါများ၍ အသိဉာဏ်ပညာဗဟုသုတ နည်းပါးအောင် ကျွန်ပညာရေးစနစ်ကို ကျင့်သုံးခဲ့သည်။ မြန်မာနိုင်ငံတိုင်းရင်းသားများပိုင်ဆိုင်သော မြန်မာနိုင်ငံပိုင် သယံဇာတများကိုလည်း မတရားအနိုင်ကျင့် ကုပ်သွေးစုပ်ကာ အမြတ်ထုတ်လုယူခဲ့သည်။ မြန်မာလူမျိုးများ ကျွန်သက်ရှည်ရန် ရည်ရွယ်၍ ဥပဒေအမျိုးမျိုးပြဋ္ဌာန်းကာ ဖိနှိပ်အုပ်ချုပ်ခဲ့သည်။ အမျိုးဘာသာ သာသနာကိုလည်း မထီမဲ့မြင်ပြုကာ စော်ကားခဲ့ကြသည်။

နယ်ချဲ့တို့၏ တရားမဲ့စွာအုပ်ချုပ်မှုအောက်မှာ ဆင်းရဲပင်ပန်းကြီးစွာ ခံစားလာခဲ့ကြရာမှ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ခြင်း၏ အရသာကိုသိရှိလာကြကာ စည်းလုံးညီညွတ်မှုရရှိရန် လိုအပ်လာကြသည်။ ထို့ကြောင့် သူ့ကျွန်မခံလိုသော မျိုးချစ်ရဲဘော်များ ဦးဆောင်၍ စည်းရုံးရေးအသွင်ဆောင်ကာ ၁၈၉၇ ခုနှစ်တွင် မော်လမြိုင်မြို့၌ ‘သာသနာ့ရေအသင်း’၊ မြင်းခြံမြို့၌ ‘ဗုဒ္ဓကလျာဏမိတ္တအသင်း’၊ မန္တလေးမြို့၌ ‘ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း’ စသည်တို့ကို တည်ထောင်ကာ ဘာသာရေးကို အခြေခံသည့်အသင်းများ တည်ထောင်ခဲ့ကြသည်။ ထိုအသင်းများ၏ စုစည်းမှု အင်အားစုဖြင့် ဘာသာရေးအရောင်ပြ၍ အမျိုးသားရေး ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခဲ့သည်။ ထို့နောက် အမျိုးသားရေးနယ်ပယ်မှ နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ပူးပေါင်းလာကြသည်။ ထိုသို့ အမျိုးသားရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ခြင်းနှင့်အတူ နိုင်ငံရေးလှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံရေးရည်မှန်းချက်ဖြင့် ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ (YMBA) အသင်းကြီးကို (GCBA)ခေါ် မြန်မာ့အသင်းချုပ်ကြီးအဖြစ် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဗမာ့ထွက်ရပ်ဂိုဏ်း၊ တို့ဗမာအစည်းအရုံးစသည့် လူထုအခြေပြုအဖွဲ့အစည်းများ ပေါ်ပေါက်လာကာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ပိုမိုမြင့်မားလာကြသည်။ ထိုအသင်းကြီးမှလည်း နယ်ချဲ့ဆန့်ကျင်မှုများနှင့် အမျိုးသားရေးလှုပ်ရှားမှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်လာခဲ့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားလာသည်။ ထိုကမ္ဘာစစ်ကြီးတွင် နယ်ချဲ့တို့ အခက်တွေ့လာကြသည်။ ထိုအချက်ကိုအခွင့်ကောင်းယူ၍ မြန်မာတို့ကလည်း နယ်ချဲ့တို့ကို လက်နက်ဆွဲကိုင်တော်လှန်ရန် ဆန္ဒဖြစ်ပေါ်လာကြသည်။ ထို့ကြောင့် မျိုးချစ်စိတ်ရှိသူ မြန်မာ့တော်လှန်ရေး ရဲဘော်များကို နိုင်ငံခြားအကူအညီဖြင့် စစ်ပညာသင်စေခဲ့ပါသည်။ သခင်အောင်ဆန်း ဦးဆောင်သော မြန်မာ့မျိုးချစ်ရဲဘော် သုံးကျိပ်တို့သည် ၁၉၄၁ ခုနှစ်တွင် အသုတ်လေးသုတ်ခွဲကာ ပြည်ပသို့ထွက်၍ တရုတ်ပြည်တောင်ပိုင်း ဟိုင်နန်ကျွန်း ဆန်ငရွာအနီးတွင် ပင်ပန်းဆင်းရဲစွာ စစ်ပညာသင်ကြားကြသည်။ တိုင်းပြည်တွင်ကျန်ရစ်ခဲ့သော မျိုးချစ်ရဲဘော်များသည်လည်း ပြည်သူများနှင့်အတူ လျှို့ဝှက်စွာ မြေအောက်တော်လှန်ရဲဘော်သုံးကျိပ်သည် စစ်ပညာသင်ကြားပြီးနောက် တရုတ်ပြည်မှအပြန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဦးထွန်းဖေ၏နေအိမ်တွင် မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးဆောင်ရွက်နိုင်ရန် လက်မောင်းသွေးသောက်ကာ သစ္စာဆိုကြသည်။ ထို့နောက် ရဲဘော်သုံးကျိပ်နှင့်အတူ မျိုးချစ်လူငယ် ၂၀၀ ကျော်ကိုစုစည်းကာ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ရက်တွင် ‘ဗမာ့လွတ်လပ်ရေးတပ်မတော်’ (BIA) ကို စတင်ဖွဲ့စည်းလိုက်သည်။ ထိုနေ့မှစ၍ မြန်မာ့တပ်မတော်သည် စတင်သန္ဓေတည်ခဲ့သည်။

ဗမာ့တပ်မတော်ကြီးသည် ပြည်သူတို့၏အားပေးထောက်ခံမှုကြောင့် အင်အား ၅၀၀၀၀ ထိ တိုးတက်လာခဲ့သည်။ ထို့ကြောင့် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလတွင် စစ်ကြောင်းကြီး လေးကြောင်းဖြင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်၍ နယ်ချဲ့တို့ကို တိုက်ထုတ်ခဲ့သည်။ ထို့နောက် ၁၉၄၂ ခုနှစ်၊ ဇူလိုင် ၂၇ရက်တွင် ‘ဗမာ့လွတ်လပ်ရေးတပ်မတော်’(BIA)မှ အင်အားလျှော့ချကာ ‘ဗမာ့ကာကွယ်ရေးတပ်မတော်’ (BDA)ဟုလည်းကောင်း၊ ထို့မှတစ်ဆင့် ၁၉၄၃ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်တွင် ‘ဗမာ့အမျိုးသား တပ်မတော် (BNA) ကိုလည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ဗမာ့တပ်မတော်ကို ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ‘မျိုးချစ်ဗမာ့တပ်မတော်’ (PBF)၊ ထိုနှစ် စက်တင်ဘာတွင် ‘ဗမာ့တပ်မတော်’ (Burma Army)ဟု အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းခဲ့ကြသည်။ မြန်မာနိုင်ငံကို နယ်ချဲ့ကိုလိုနီတို့လက်မှ စစ်ရေးဖြင့် တိုက်ထုတ်ကယ်တင်ရသလို သခင်အောင်ဆန်းနှင့်မျိုးချစ်ရဲဘော်များသည် ယုတ်မာရက်စက်သော ဖက်စစ်ဂျပန်တို့ကိုလည်း ၁၉၄၅ ခုနှစ်၊ မတ် ၂၇ ရက်မှစတင်ကာ တိုက်ထုတ်ကယ်တင်ရပြန်ပါသေးသည်။ ထိုနေ့ကို အလေးအမြတ်ပြုသည့်အနေဖြင့် ‘တပ်မတော်နေ့’ဟု ဂုဏ်တင်သတ်မှတ်ကျင်းပကြခြင်းဖြစ်ပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ဗမာ့တပ်မတော်သည် အမျိုးမျိုးသော ပြည်တွင်းရောင်စုံ သောင်းကြမ်းသူများနှင့် တရုတ်ဖြူ(ကူမင်တန်)၊ မူဂျာဟစ်ဆိုသော ပြည်ပကျူးကျော်သူများကိုလည်း နှိမ်နင်းရပါသေးသည်။ ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရရုံသာမက နိုင်ငံရေး အကျပ်အတည်းများကိုလည်း ခေတ်ကာလနှင့်လျော်ညီအောင် ဖြေရှင်းပေးရပါသေးသည်။

အချုပ်အားဖြင့် အစဉ်အလာကောင်းစွာ ရပ်တည်လာသော မြန်မာ့တပ်မတော်သည် ခက်ခဲပြင်းထန် လောကဓံကြားမှ ရုန်းကန်ခဲ့ရသော တပ်မတော်ပါ။ မည်သို့ပင်ခက်ခဲပါစေ ပြည်သူ့အတွက်ဆိုလျှင် အသက်ပင် မငဲ့ကွက် အဘက်ဘက်ပြည့်စုံအောင် ကြိုးစားဆောင်ရွက်ခဲ့သော တပ်မတော်ပါ။ ထို့ကြောင့်လည်း ဂုဏ်ပြုခြင်းငှာ၊ အလေးအမြတ်ပြုခြင်းငှာ ထိုက်တန်ပေသည်။ ထိုသို့ မျိုးချစ်စိတ်များမွှမ်းမံထားသည့် အခြားသူများ၏လုပ်ရပ်ကောင်းများကို အလေးအမြတ်ထားကာ အသိအမှတ်ပြုရခြင်းထက် မိမိတို့ကိုယ်တိုင်၌ကလည်း ဂုဏ်ပြုခြင်းငှာ ထိုက်တန်လာအောင် မျိုးချစ်စိတ်များမြှင့်တင်ထားကာ တပ်မတော်အတွင်း ဝင်ရောက်ခြင်းဖြင့် တိုင်းပြည်၏ဂုဏ်၊ အမျိုးဘာသာ သာသနာ၏ဂုဏ်ကို မြှင့်တင်နိုင်ကြသူများဖြစ်ကြပါစေကြောင်း စေတနာကောင်းဖြင့် အမျိုးသားရေးတာဝန်အလွန်ကျေပွန်၍ မျိုးချစ်စိတ်များ ဝန်းရံထားလျက် (၈၁)နှစ်မြောက် ‘တပ်မတော်နေ့’ကို တလေးတစား အလေးထားကာ ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ပထမဆုံး တရုတ်ခရီးစဉ် မေလတွင် စီစဉ်ထားသဖြင့် လူအများ အထူးစောင့်ကြည့်လျက်ရှိ



**ဝါရှင်တန် မတ် ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်သည် ရှစ်နှစ်အတွင်း ၎င်း၏ ပထမဆုံး တရုတ်နိုင်ငံ ခရီးစဉ် အဖြစ် လာမည့်မေလတွင် တရုတ် သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည် ဖြစ်ပြီး အီရန်ပဋိပက္ခကြောင့် ရွှေ့ဆိုင်းခဲ့ရသော အဆိုပါခရီးစဉ် ကို လူအများက အထူးစောင့်ကြည့် လျက်ရှိကြောင်း သိရသည်။

ခရီးစဉ်ကို ပြန်လည်စီစဉ် ရန် ထရမ့်၏ ကြိုးပမ်းမှုသည် စိန်ခေါ်မှုများရှိနေသော အရှေ့ အလယ်ပိုင်းစစ်ပွဲအပေါ် ယုံကြည်မှု ရှိကြောင်း ပြသလိုသည့် ရီပတ် ဘလစ်ကန်သမ္မတ၏ စိတ်အား ထက်သန်မှုနှင့် ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံ နှစ်ခုအကြား တင်းမာနေသော ဆက်ဆံရေးကို တစ်ပြိုင်နက်တည်း ထိန်းညှိလို သည့် သဘောကို ရောင်ပြန် ဟပ်နေခြင်း ဖြစ်သည်။

မူလက လာမည့်သီတင်းပတ် တွင် သွားရောက်ရန် စီစဉ်ထား သော်လည်း ယခုအခါ မေ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် ပေကျင်းမြို့သို့ သွားရောက်မည် ဖြစ်ကြောင်း ထရမ့်က ၎င်း၏ လူမှုမီဒီယာစာမျက်နှာမှတစ်ဆင့် ပြောကြားသည်။

ထို့ပြင် ယခုနှစ်နှောင်းပိုင်း တွင် သမ္မတရှီကျင့်ဖျင်အား ဝါရှင်တန်ဒီစီသို့ ပြန်လည် ဖိတ်ခေါ်၍ ဧည့်ခံသွားမည်ဟု လည်း ထရမ့်က ဖြည့်စွက်ပြော ကြားသည်။

မိမိတို့၏ ကိုယ်စားလှယ်များ သည် အဆိုပါ သမိုင်းဝင်ခရီးစဉ် များအတွက် ပြင်ဆင်မှုများကို အပြီးသတ်ဆောင်ရွက်နေကြပြီး သမ္မတရှီ နှင့်အတူ အချိန်ဖြုန်းရန် အလွန်မျှော်လင့်နေသကဲ့သို့ ယင်း ခရီးစဉ်သည် ကြီးကျယ်ခမ်းနား သော ဖြစ်ရပ်တစ်ခု ဖြစ်လာလိမ့် မည်ဟု ထရမ့်က ယုံကြည်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကျူးဘား ဆေးဘက်ဆိုင်ရာဝန်ထမ်းများ လက်ခံမည့်အစီအစဉ် မက္ကဆီကိုသမ္မတ လော်ဒီယာရှိန်ဘောင်းက အတည်ပြု



**မက္ကဆီကို မတ် ၂၆**

ကျူးဘားနိုင်ငံနှင့် အခြား လက်တင်အမေရိကနိုင်ငံများ အကြား ကောင်းမွန်သော ဆက်ဆံ ရေးတည်ဆောက်ရန် ရည်ရွယ် သည့် နှစ်ရှည်စီမံကိန်း၏ တစ် စိတ်တစ်ပိုင်းအဖြစ် ကျူးဘား ဆေးဘက်ဆိုင်ရာဝန်ထမ်းများ လက်ခံမည့်အစီအစဉ်ကို ဆက် လက် လုပ်ဆောင်သွားမည်ဟု မက္ကဆီကိုသမ္မတက လော်ဒီယာ ရှိန်ဘောင်းက အတည်ပြုပြော ကြားကြောင်း သိရသည်။

ကျူးဘားနိုင်ငံ၏ ဆေး ဘက်ဆိုင်ရာစီမံကိန်းနှင့် ပတ် သက်၍ ဆက်ဆံရေးဖြတ်တောက် ရန် လက်တင်အမေရိကနိုင်ငံများ အပေါ် အမေရိကန်ပြည်ထောင်စု က ဖိအားပေးနေသည့်အချိန်တွင် သမ္မတရှိန်ဘောင်းက မတ် ၂၅ ရက်တွင် ထိုသို့မှတ်ချက်ပြု ပြောကြားခြင်း ဖြစ်သည်။

အဆိုပါသဘောတူညီချက် သည် မက္ကဆီကိုနိုင်ငံအတွက် အကျိုးရှိစေကြောင်း သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် သမ္မတက သတင်းထောက်များကို ထုတ်ဖော် ပြောကြားသည်။ ၂၀၂၂ ခုနှစ် ကတည်းက ကျူးဘားဆေးဘက် ဆိုင်ရာ ဝန်ထမ်းထောင်ပေါင်း များစွာသည် မက္ကဆီကိုနိုင်ငံ အတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျေးလက်ဒေသများတွင် တာဝန် ထမ်းဆောင်ရန် ရောက်ရှိနေခဲ့ ကြသည်။

မိမိတို့တွင် အလွန်ကောင်းမွန် သော သဘောတူညီချက်ရှိပြီး ၎င်းမှာ မိမိတို့အတွက် များစွာ အထောက်အကူဖြစ်စေကြောင်းနှင့် မက္ကဆီကိုနိုင်ငံအတွက် များစွာ အကျိုးရှိစေသည့် နှစ်နိုင်ငံသဘော တူညီချက် တစ်ခုဖြစ်ကြောင်း ရှိန်ဘောင်းက ပြောကြားခဲ့သည် ဟု သိရသည်။

**Mon**

## သိပ္ပံဆိုင်ရာ စီမံကိန်းများနှင့် အဆောက်အအုံအချို့ကို တရုတ်နိုင်ငံက ကမ္ဘာသို့ ဖွင့်လှစ်ပေးသွားရန် စီစဉ်ထား

**ပေကျင်း မတ် ၂၆**

အဆင့်မြင့်နည်းပညာကဏ္ဍ များတွင် ပထဝီနိုင်ငံရေးဆိုင်ရာ ပြိုင်ဆိုင်မှုများ ပြင်းထန်လာ နေစဉ်အတွင်း တရုတ်နိုင်ငံက ၎င်းတို့၏ အဓိကသိပ္ပံဆိုင်ရာ စီမံကိန်းများနှင့် အဆောက်အအုံ အချို့ကို ကမ္ဘာသို့ ဖွင့်လှစ်ပေးမည့် အစီအစဉ် တစ်ခုကို ယမန်နေ့က ထုတ်ဖော်ကြေညာခဲ့ပြီး "ကမ္ဘာလုံး ဆိုင်ရာ နည်းပညာအသိုက်အဝန်း" တစ်ခု တည်ဆောက်ရန် တိုက် တွန်းခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့တွင် ကျင်းပ သည့် ကျုန်းကွမ်းချွန်း ဖိုရမ် ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးချုပ် တင်ရွှယ်ရှန်းက တရုတ်နိုင်ငံ အနေဖြင့် ပိုမိုပွင့်လင်းပြီး အားလုံးပါဝင်နိုင်သော တီထွင် ဆန်းသစ်မှု ကွန်ရက်တစ်ခု နှင့်အတူ "ကမ္ဘာလုံးဆိုင်ရာ နည်းပညာအသိုက်အဝန်း" ကို ပူးပေါင်းတည်ဆောက်ရန် အဖွဲ့ အစည်းအားလုံးနှင့် လက်တွဲ ဆောင်ရွက်လိုကြောင်း ပြောကြား ခဲ့သည်။

နိုင်ငံအသီးသီး၏ စီးပွားရေး နှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် တရုတ်နိုင်ငံသည် ပိုမိုကျယ်ပြန့်ပြီး ကွဲပြားသော နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကာ အခြေခံနှင့် နောက်တန်းသုတေ သနလုပ်ငန်းများတွင် ပူးပေါင်း အားထုတ်မှုများကို မြှင့်တင်သွား မည်ဖြစ်သလို ပေါ်ထွက်လာသော နည်းပညာသစ်များ အသုံးပြုမှု ကိုလည်း မြှင့်တင်ပေးသွားမည်ဖြစ် ကြောင်း ၎င်းက ပြောသည်။

နည်းပညာဖွံ့ဖြိုးတိုးတက် မှုကြောင့် ပေါ်ပေါက်လာနိုင်သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပဋိပက္ခများ၊ လူမှုရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် ကျင့်ဝတ် ဆိုင်ရာ စိန်ခေါ်မှုများကို မျှတပြီး တာဝန်ယူမှုရှိသော နည်းပညာ စီမံခန့်ခွဲမှု ဖြစ်ထွန်းလာစေရန် အတွက် နိုင်ငံများအနေဖြင့် စနစ်တကျ ဖြေရှင်းဆောင်ရွက်ကြ ရန် တင်ရွှယ်ရှန်းက တိုက်တွန်း ပြောကြားကြောင်း သိရသည်။

**Mon**





## ဆေးထိုးအပ်နှင့်ဆေးဘက်ဆိုင်ရာ ပစ္စည်းများအတွက် ကုန်ကြမ်းထောက်ပံ့မှု မရေရာမှုများ ဖြစ်ပေါ်စေလျက်ရှိ

**စင်ကာပူ မတ် ၂၆**

အရှေ့အလယ်ပိုင်းဒေသ၏ တင်းမာမှုများကြောင့် ကမ္ဘာ့ရေနံ စီးဆင်းမှု ပြတ်တောက်နေခြင်း သည် ဆေးထိုးအပ်နှင့် ပိုက်များ ကဲ့သို့သော ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အပါအဝင် နေ့စဉ်သုံး ပလတ် စတစ်ပစ္စည်းများ ထုတ်လုပ်ရာ တွင် အသုံးပြုသည့် အဓိက ကုန်ကြမ်းထောက်ပံ့မှုအပေါ် မရေရာမှုများ ဖြစ်ပေါ်စေလျက် ရှိကြောင်း စီအင်န်အေသတင်း ဌာနက ဖော်ပြသည်။

ရေနံစိမ်းမှ ထွက်ရှိသော ဓာတုကုန်ကြမ်းတစ်မျိုးဖြစ် သည့် နက်ဖ်သာကို တစ်ကိုယ် ရေသုံး ကာကွယ်ရေးပစ္စည်းများ မှစ၍ အစားအစာထုပ်ပိုးပစ္စည်း များအထိ ပါဝင်သော ပလတ် စတစ်များ ထုတ်လုပ်ရာတွင် ကျယ်ပြန့်စွာ အသုံးပြုကြသည်။

ထိုကဲ့သို့သော ကုန်ပစ္စည်း များ၏ ဈေးနှုန်းမှာ လက်ရှိတွင် မြင့်တက်လျက်ရှိပြီး အချို့သော ကုန်ပစ္စည်းဈေးနှုန်းများသည် ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်လာ နိုင်ကြောင်း ပစ္စည်းပေးသွင်းသူ များက သတိပေးကြသည်။

သို့သော် လက်ရှိအချိန်တွင် ပစ္စည်းပြတ်လပ်မှု ဖြစ်ပေါ်နိုင်ခြေ မရှိသေးဟု စင်ကာပူအာဏာပိုင် များက အတည်ပြုထားကြောင်း သိရသည်။

**Mon**

## တရုတ်နှင့် ဥရောပ ပူးပေါင်းလုပ်ဆောင်သည့် အာကာသယာဉ် လာမည့် ဧပြီ ၉ ရက်နေ့တွင် လွှတ်တင်ရန် စီစဉ်ထားသည်ဟုဆို

**ပေကျင်း မတ် ၂၆**

တရုတ်နှင့် ဥရောပတို့ ပူးပေါင်းလုပ်ဆောင်သည့် နေလေထု၊ သံလိုက်စက်ကွင်းနှင့် အိုင်ယွန်နိုစဖီးယား အပြန်အလှန်ဆက်နွယ်မှု လေ့လာရေးစီမံကိန်းအတွက် လွှတ်တင်ခြင်းမပြုမီ ကြိုတင်ပြင်ဆင်မှု များအားလုံးကို တောင်အမေရိကရှိ ပြင်သစ် ဂီယာနာနိုင်ငံ၊ ဥရောပ အာကာသစခန်း၌ အပြီးသတ်ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ ဧပြီ ၉ ရက်နေ့တွင် လွှတ်တင်ရန် စီစဉ်ထားသည်ဟု တရုတ်သိပ္ပံ အကယ်ဒမီ၏ အမျိုးသားအာကာသသိပ္ပံဗဟိုဌာနက ထုတ်ပြန်ကြေညာ ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်သိပ္ပံအကယ်ဒမီနှင့် ဥရောပအာကာသအေဂျင်စီတို့အကြား အရေးပါသော ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် အဆိုပါအာကာသ ယာဉ်ကို ဗီးဂါး-စီ ဒုံးပျံပေါ်သို့ တင်ဆောင်ကာ ဂြိုဟ်တုနှင့် လွှတ်တင် ရေးယာဉ်တို့ကို ချိတ်ဆက်တပ်ဆင်ပြီး ဖြစ်သည်။

ယင်းလုပ်ဆောင်ချက်သည် စီမံကိန်း၏ နောက်ဆုံးအဆင့် လွှတ်တင်ရေးရေတွက်မှုသို့ ရောက်ရှိသွားခြင်းကို ဖော်ပြခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် ဂြိုဟ်တု၏ ပူးတွဲအရည်အသွေးနှင့် ပုံသန်းမှုဆိုင်ရာ လက်ခံနိုင်စွမ်း စစ်ဆေးမှုများ အောင်မြင်ပြီးနောက် လွှတ်တင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို စတင်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလနှောင်းပိုင်းတွင် ရှန်ဟိုင်းမြို့မှ သင်္ဘောဖြင့် တင်ပို့ လိုက်သော ဂြိုဟ်တုလောင်စာဆီအပါအဝင် အရေးကြီးသော ဟာ့ဒ်ဝဲ ပစ္စည်းများ ဖေဖော်ဝါရီလအစောပိုင်းတွင် ပြင်သစ် ဂီယာနာရှိ ကူးရိုး မြို့သို့ ရောက်ရှိလာခဲ့ပြီး ဂီယာနာအာကာသစခန်းသို့ ဆက်လက်ပို့ဆောင် ခဲ့ကြောင်း သိရသည်။

**Mon**




# နိုင်ငံတကာ အားကစား သတင်းများ

## ဂါစီယာပလာဇာအား နည်းပြသစ်အဖြစ် ဆီဗီလာအသင်း ခန့်အပ်

**မက်ဒရစ် မတ် ၂၆**

ဆီဗီလာအသင်းသည်



အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂါစီယာပလာဇာအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆီဗီလာအသင်းနှင့်အတူ ၂၀၂၇ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဂါစီယာပလာဇာသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ဂီတာဖေး၊ ဗီလာရီးရဲလ်၊ အလာဗက်စ်၊ လီဗန်တေး စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆီဗီလာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၃)နှစ်အရွယ်ရှိ ဂါစီယာပလာဇာက "အခုလို ဆီဗီလာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ပါနီချယ်လီအား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်းစီစဉ်

**မက်ဒရစ် မတ် ၂၆**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် စထရာဘော့စ်အသင်းတိုက်စစ်မှူး ပါနီချယ်လီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စထရာဘော့စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး ၁၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

စထရာဘော့စ်အသင်းကလည်း ပါနီချယ်လီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စထရာဘော့စ်အသင်းထံမှ ပါနီချယ်လီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)





## အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် မတ် ၂၆**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးခြောက်ဂိုးကို ပွဲချိန် ၆ မိနစ်နှင့် ၅၇ မိနစ်တွင် အီဝါပါဂျော်၊ ပွဲချိန် ၁၃ မိနစ်တွင် ဘရုဂတ်စ်၊ ပွဲချိန် ၃၂ မိနစ်တွင် ပါရီဒီစ်၊ ပွဲချိန် ၆၄ မိနစ်တွင် ဗစ်ကီလိုပက်ဇ်၊ ပွဲချိန် ၈၉ မိနစ်တွင် ပူတယ်လာစ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘာစီလိုနာအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၂ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းအား အိမ်ကွင်းတွင် ဧည့်ခံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)
(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဆေးလ်ဗားကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* ပီအက်စ်ဂျီအသင်း နောက်ခံကစားသမား ဟာကီမီ အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အဲဗာတန်အသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား ဘန်ဝှိုက်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

(NGB)

## အာနီဆလော့ လီဗာပူးအသင်းတွင် ဆက်ရှိသွားမည်



**လန်ဒန် မတ် ၂၆**

လီဗာပူးအသင်းနည်းပြ အာနီဆလော့က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် လီဗာပူးအသင်းအား ၂၀၂၄ ခုနှစ်၊ ဇွန် ၁ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၀၃ ပွဲတွင် ၆၃ ပွဲနိုင်၊ ၁၇ ပွဲ သရေ၊ ၂၃ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။ (ဝဲပုံ)

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ အာနီဆလော့က "လီဗာပူးအသင်းက ထွက်မယ်ဆိုတဲ့ သတင်းတွေက ကောလာဟလတွေပါ။ အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ အသင်းတာဝန်ရှိသူတွေနဲ့လည်း အဆင်ပြေပါတယ်" ဟု ပြောသည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ် ၃၁ ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့သည်။

(NGB)

## နီကိုပက်ဇ်အား စာချုပ်သက်တမ်းတိုးရန် ကိုမိုအသင်းစီစဉ်

**တူရင် မတ် ၂၆**

ကိုမိုအသင်းသည် အသင်းကွင်းလယ်ကစားသမား နီကိုပက်ဇ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ကိုမိုအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား နီကိုပက်ဇ်သည် ကိုမိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၈ ပွဲကစားပြီး ၁၇ ဂိုးအထိ သွင်းယူထားသည်။

ကိုမိုအသင်း၏ ထုတ်ပြန်ချက်တွင် "နီကိုပက်ဇ်အား စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။(အောက်ပုံ) (NGB)



## ဖာရန်တောရက်စ် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘာစီလိုနာအသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**ဘာစီလိုနာ မတ် ၂၆**

ဘာစီလိုနာအသင်း တိုက်



စစ်မှူး ဖာရန်တောရက်စ်သည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။


တိုက်စစ်မှူး ဖာရန်တောရက်စ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၈ ပွဲကစားပြီး ဂိုး ၆၀ အထိ သွင်းယူထားသည်။

ထို့ကြောင့် ဖာရန်တောရက်စ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့်သတင်းများအတိုင်း ဘာစီလိုနာအသင်းမှ အမှန်တကယ်ထွက်ခွာသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Coco Gauff တက်ရောက်

**မိုင်ယာမီ မတ် ၂၆**

အမေရိကန်နိုင်ငံတွင် ကျင်းပ



လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင် အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic အား ၆-၃၊ ၁-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Miami Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ချက်တင်းနစ်မယ် Karolina Muchova တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## အက်ဇီ ခြေသလုံးဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်

**လန်ဒန် မတ် ၂၆**

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အက်ဇီသည် ခြေသလုံးဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းက လေဗာကူဆင်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား



အက်ဇီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အက်ဇီသည် အာဆင်နယ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (ဝဲပုံ) (NGB)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အသိပေးကြော်ငြာချက်

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြစီမံကိန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မန္တလေး(၆)မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါလုပ်ငန်းများ၏ အခွန်အခနှုန်းထားများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်နှင့်လျော်ညီသောနှုန်းထားသို့ ပြင်ဆင်သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်-

(က) ပုဂ္ဂလိကနှင့် အစိုးရဌာနပိုင် အဆောက်အအုံများ၏ပစ္စည်းခွန် (အိမ်ခွန် + လမ်းမီးခွန် + အမှိုက်သိမ်းဆည်းခ)၊ ဟိုတယ်၊ နိုင်ငံခြားသားအငှားချ၊ ရုပ်ရှင်ရုံ၊ စက်ပစ္စည်း၊ ပုဂ္ဂလိကဆေးရုံပစ္စည်းခွန်များ

(ခ) ပုဂ္ဂလိကနှင့် အစိုးရဌာနပိုင်အဆောက်အအုံများတွင် အသုံးပြုသည့် ရေဖိုး၊ ရေခ

(ဂ) ဘီးလိမ့်ခွန် ကောက်ခံခြင်း

(ဃ) မန္တလေးမြို့အဝင်ဂိတ်များတွင် လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ မြို့ဝင်ကြေးကောက်ခံခြင်း

(င) ယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းများ(ဂိတ်ဝင်ကြေး၊ ညအိပ်ခွန်၊ ပွဲကျဈေးကောက်၊ ကား/ဆိုင်ကယ် လပေး၊ ဂိတ်ခန်းလခ၊ ဆိုင်ခန်းလခနှုန်းထားများ)

(စ) ဆိုင်ခန်းလခများ၊ ယာဉ်ရပ်နားခ/မျဉ်းဝါ၊ မြေနှင့် အဆောက်အအုံ ငှားရမ်းခများ၊ တိုက်ခန်းလခများ

(ဆ) လေလံလုပ်ငန်းများ(စက်ဘီး၊ ဆိုင်ကယ်၊ ကား အပ်နှံခကောက်ခံခွင့်၊ ရေချိုး/ အိမ်သာအသုံးပြုခကောက်ခံခွင့်၊ ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်၊ (၆)မြို့နယ်လမ်းဘေးဈေးကောက် ကောက်ခံခွင့်၊ ဆိပ်ကမ်းခွန်ကောက်ခံခွင့်)

(ဇ) အုတ်၊ ထုံး၊ သဲ၊ ကျောက်ယာဉ်များ၊ Box ယာဉ်များ၊ ဆီသယ်ယာဉ်များ၊ မြေသယ်ယာဉ်များ၊ မော်တော်ယာဉ်ဖြင့် ဈေးရောင်းချခြင်း

၂။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အထက်ဖော်ပြပါလုပ်ငန်းများ၏ ပြင်ဆင်ကောက်ခံမည့် အသေးစိတ်နှုန်းထားများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ကြော်ငြာသင်ပုန်းနှင့် သက်ဆိုင်ရာနေရာများတွင် ဗီနိုင်းများကပ်၍ ကြော်ငြာသွားမည်ဖြစ်ပါသည်။

၃။ ပြင်ဆင်ကောက်ခံမည့် နှုန်းထားများနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ (ရုံးချိန်)အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဌာနခွဲမှူး၊ အခွန်ဌာနခွဲ ၀၉-၄၄၁၀၃၇၈၈၉
(ခ) ဌာနခွဲမှူး၊ ရာပြတ်ဌာနခွဲ ၀၉-၂၀၁၉၄၇၅
(ဂ) ဌာနခွဲမှူး၊ ရေခွန်ဌာနခွဲ ၀၉-၂၀၂၇၄၉၉

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၃)၊ ဦးပိုင်အမှတ်(၁၀၅)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ထွေးစိန် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်စိုး(ဘ)ဦးညို(၉/သပက(နိုင်)၀၆၉၂၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမှုရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးကျော်ကျော်သိန်း (LL.B) (DL.101 IP LAW)**
**တရားလွှတ်တော်ရှေ့နေ**
**(ဃ-၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၅၁၁၄၇၇၈**

### ပြင်ဆင်ဖတ်ရှုပါရန်

(၂၇-၁၁-၂၀၂၄)ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ-၂၁၊ အကွက်(ဃ-၁၁)၊ ဦးပိုင်(၂-ခဲစင်း) ကြော်ငြာစာတွင် (ဃ)ရပ်ကွက်အစား ချမ်းမြသာယာရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အသက်သည် သွေး**
**သွေးသည် အသက်။**

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်နံပါတ်(၁၂၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)၏အရှေ့ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်တင်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်လင်းထွန်း(ဘ)ဦးမြေ့(၉/စကတ(နိုင်)၀၆၇၄၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| ဦးတင်အောင်မိုး LL.B, LL.M<br>တရားလွှတ်တော်ရှေ့နေ | ဒေါ်အိအိမွန် LL.B, LL.M<br>တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် LL.M<br>တရားလွှတ်တော်ရှေ့နေ | ဒေါ်အေးနန္ဒာထွန်း LL.B<br>တရားလွှတ်တော်ရှေ့နေ | ဒေါ်မာလာစိုး LL.B<br>အထက်တန်းရှေ့နေ | ဒေါ်ဖူးသန့်မွန် LL.B<br>အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၇)၊ ဦးပိုင်နံပါတ်(၂၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ ဦးတင်ဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြဲဖင်ကျွင်း(ဘ)ဦးကျုံးဝင်လင်(၁၃/လကန(နိုင်)၀၂၂၀၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| ဦးတင်အောင်မိုး LL.B, LL.M<br>တရားလွှတ်တော်ရှေ့နေ | ဒေါ်အိအိမွန် LL.B, LL.M<br>တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် LL.M<br>တရားလွှတ်တော်ရှေ့နေ | ဒေါ်အေးနန္ဒာထွန်း LL.B<br>တရားလွှတ်တော်ရှေ့နေ | ဒေါ်မာလာစိုး LL.B<br>အထက်တန်းရှေ့နေ | ဒေါ်ဖူးသန့်မွန် LL.B<br>အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

### အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၂၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးလှငွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိမိနွယ်(ဘ)ဦးချစ်တင်(၉/မရမ(နိုင်)၀၁၃၉၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| ဦးတင်အောင်မိုး LL.B, LL.M<br>တရားလွှတ်တော်ရှေ့နေ | ဒေါ်အိအိမွန် LL.B, LL.M<br>တရားလွှတ်တော်ရှေ့နေ | | |
| ဒေါ်ယုသစင်အောင် LL.M<br>တရားလွှတ်တော်ရှေ့နေ | ဦးဖြိုးသာဇေ့ LL.B<br>အထက်တန်းရှေ့နေ | ဦးစည်သူအောင် LL.B<br>အထက်တန်းရှေ့နေ | ဒေါ်သဲမို့မို့ထွန်း LL.B<br>အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၇၅၂)၊ ဦးပိုင်အမှတ်(၇၄/၂) မြေကွက်ပေါ်တွင် ဒေါ်နှင်းယုဝေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၀၀၅၀၄)က SS(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ်(၅၈၀)၊ ဦးပိုင်အမှတ်(၁၈+၅၀/၄+၅၂/၄) မြေကွက်ပေါ်တွင် ဦးသက်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၀၂၁၀)က SS(၁)ထပ် ၂လုံး+ SS(၂)ထပ် (၁)လုံး အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၆-က)၊ ဦးပိုင်အမှတ်-၁၃(စ+ဇ) မြေကွက်ပေါ်တွင် ဒေါ်ခင်စန်းရင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၄၈၇၈၆)က RC(၃)ထပ် (၂)လုံး အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၆)၊ ဦးပိုင်အမှတ်(၃၄-က/၁+၃၄-ခ/၁+၃၄-ခ/၂/၂)မြေကွက်ပေါ်တွင် ဦးရဲဝင့်အောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၂၈၂၁၂)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများလိုအပ်...

❖ နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီးသည့် ကဏ္ဍမှ ပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစား တပ်မတော် အရာရှိကြီး ၁၈ ဦးနှင့် ဇနီး ကိုးဦး စုစုပေါင်း ၂၇ ဦးတို့ ကန်တော့ခံ တက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၅ သို့ ❂





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။

## ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို နှစ်ကျော့စလုံး အနိုင်ရ

**ရန်ကုန် မတ် ၂၇**

၂၀၂၇ အာရှဖလားတတိယ အဆင့် ခြေစစ်ပွဲ အုပ်စု(E) မှ ရွေ့ဆိုင်းထားသော မြန်မာအသင်း နှင့် အာဖဂန်နစ္စတန်အသင်းတို့ ပွဲစဉ်ကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင် ကျင်းပရာ မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မြန်မာအသင်းသည် ၂၀၂၆ ခုနှစ်အတွင်း ပထမဆုံး နိုင်ငံတကာပွဲစဉ်အဖြစ် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ အနိုင်ရလဒ်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပထမအကျော့အတိုင်း ဦးဆောင်ဂိုးစတင်ခွင့်ပြုခဲ့ရသော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်သွင်းယူကာ အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် (၄၅+၁)မိနစ်တွင် သန်းပိုင်၊ ပွဲချိန် ၇၄ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းတို့က သွင်းယူပေးခဲ့သည်။ အာဖဂန်နစ္စတန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် အိုမစ်က သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၇ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲ အုပ်စု(E)နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် မတ် ၃၁ရက်တွင် ပါကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

**0-0-0-0-0**

**0-0-0**

## မန္တလေးလျှင်ကြီး (၁) နှစ်ပြည့်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၆

မန္တလေးငလျင်ကြီး (၁) နှစ်ပြည့်အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV – News ၊ MRTV – NRC ၊ MRTV Farmers' Channel၊ MITV ၊ MWD – HD ၊ MWD Variety – HD ၊ Readers' Channel ၊ Up to Date နှင့် MNTV ရုပ်သံလိုင်းများမှ လည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ FM ပုဂံ၊ မန္တလေး FM ၊ ပဉ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်းကောင်း၊ MRTV App , Radio App အပါအဝင် Online Media တို့မှ လည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်